မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# 2024

# ANNUAL REPORT

(၃၂) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးသို့တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်

Table of

# Contents

## 01
## Corporate Overview

ကျွန်ုပ်တို့၏နှစ်ပတ်လည် အစီရင်ခံစာအကြောင်း
ကျွန်ုပ်တို့အကြောင်း
Milestone
Mission, Vision, Value and Culture
ဥက္ကဋ္ဌ၏ အစီရင်ခံစာ

## 02
## Governance

ဒါရိုက်တာအဖွဲ့
Corporate Governance
Board Committees
အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ
ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှု မှူဘောင်
လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေး
ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

## 03
## Shareholding

ရန်ကုန်စတော့အိတ်ချိန်း (YSX)
အစုရှယ်ယာပိုင်ဆိုင်မှုအခြေအနေ
ထိပ်တန်းအစုရှယ်ယာရှင် (၂၀) ဦး

## 04
## Branches, Products and Services

ဘဏ်ခွဲများ
Deposit Products
Consumer Banking
SME and Corporate Banking
Digital Banking
Business Partnerships
International Money Transfer Services

## 05
## FY - 24 Financial Highlights

## 06
## Business and Internal Activities Highlights

## 07
## Directors and Audit Report

ဘဏ်စာရင်းစစ်ဆေးခြင်းနှင့်လုပ်ငန်းများစစ်ဆေးခြင်း
ဒါရိုက်တာများ၏ အစီရင်ခံစာ
V-Advisory Statuory စာရင်းစစ်အစီရင်ခံစာ







# ကျွန်ုပ်တို့၏နှစ်ပတ်လည်အစီရင်ခံစာအကြောင်း


လေးစားချစ်ခင်ရပါသော အစုရှယ်ယာရှင်များ၊ Stakeholder များနှင့် တန်ဖိုးထားလေးစားရသော မိတ်ဖက် အဖွဲ့အစည်းများခင်ဗျား

ယခင်နှစ်များတွင် ရရှိခဲ့သော ကျွန်ုပ်တို့၏လုပ်ငန်းအောင်မြင်မှုကို ထင်ဟပ်ဖော်ပြနေသည့် ကျွန်ုပ်တို့၏ နှစ်ပတ်လည် အစီရင်ခံစာ (Annual Report) အား ဂုဏ်ယူဝမ်းမြောက်စွာ ဖြန့်ဝေအပ်ပါသည်။ ဤအစီရင်ခံစာတွင် ဘဏ္ဍာရေးဆိုင်ရာ တောင့်တင်းခိုင်မာမှုကို ဖော်ပြနေသော အောင်မြင်မှုမှတ်တိုင်များ၊ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများအပြင် ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအတွက် မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်မှုကို ပုံဖော်ပေးနေသည့် အောင်မြင်မှုများအကြောင်းကို ဖော်ပြထားပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသားများဘဏ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်း၊ စွန့်ဦးတီထွင်သည့်လုပ်ငန်းများကို ပံ့ပိုးပေးခြင်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီနှင့် စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာ အကျိုးအမြတ်များကို မြှင့်တင်ပေးခြင်းစသည်တို့ဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် ရှေ့တန်းမှ ရပ်တည်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏မျှော်မှန်းချက်မှာ ခိုင်မာတောင့်တင်းသော ဘဏ္ဍာရေးကဏ္ဍသည် သာယာဝပြောသောနိုင်ငံတစ်ခု၏ ပင်မအုတ်မြစ်ဖြစ်သည်ဟူသော ယုံကြည်ချက်အပေါ်တွင် အခြေခံထားပါသည်။

ဤနှစ်ပတ်လည်အစီရင်ခံစာတွင် ဘဏ်လုပ်ငန်းနယ်ပယ်၏ အမြဲတစေပြောင်းလဲနေမှုများမှတဆင့် ရရှိလာခဲ့ပြီးဖြစ်သော အောင်မြင်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်များနှင့် မဟာဗျူဟာကျသော ဆုံးဖြတ်ချက်များကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဆန်းသစ်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအပေါ် လေ့လာသုံးသပ်ချက်၊ ကျွန်ုပ်တို့ဝန်ဆောင်မှုပေးနေသော လူမှုဝန်းကျင်များအပေါ် သက်ရောက်မှု၊ ကျွန်ုပ်တို့၏တန်ဖိုးများနှင့်ကိုက်ညီသော ဝန်ထမ်းတို့၏စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များစသည်တို့ကိုလည်း မျှဝေဖော်ပြ သွားမည်ဖြစ်ပါသည်။

ဤအစီရင်ခံစာမှတဆင့် ကျွန်ုပ်တို့၏ အောင်မြင်မှုခရီးလမ်း၊ မျှော်မှန်းချက်နှင့် ဘဏ္ဍာရေးဆိုင်ရာ တောင့်တင်း ခိုင်မာမှုတို့ကို ဆက်လက်ဖတ်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့၏ အောင်မြင်မှုများကို ထင်ဟပ်နေပြီး ပိုမိုတောက်ပသော အနာဂတ်ကို လျှောက်လှမ်းနေသည့် ဤခရီးလမ်းတွင် ဆက်လက်၍ အတူတကွပူးပေါင်းပါဝင်ကြပါစို့။




နှစ်ပတ်လည်အစီရင်ခံစာအား အောက်ပါလင့်ခ်တွင် ရယူနိုင်ပါပြီ

https://mcb.com.mm/annualreports/




# ကျွန်ုပ်တို့အကြောင်း

၁၉၉၂ ခုနှစ်၌ တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံသားများဘဏ် (“MCB”) သည် ကျွန်ုပ်တို့ တန်ဖိုးထားလေးစားအပ်သည့် အစုရှယ်ယာရှင်များထံသို့ အပ်နှင်းထားသော ကတိကဝတ်အတိုင်း မဆုတ်မနစ် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံး ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေးဘဏ်များထဲမှ ဘဏ်တစ်ခုဖြစ်ပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် ပထမဦးဆုံး စာရင်းတင်ထားသည့် MCB ဘဏ်အား ခိုင်မာမှုရှိသော ဘဏ္ဍာရေးအုတ်မြစ်နှင့် ကျွမ်းကျင်စွာ ဦးဆောင်ဦးရွက်ပြုနိုင်သည့် အဖွဲ့တစ်ခုဖြင့် ဖွဲ့စည်းထားသောကြောင့် လက်ရှိအချိန်တွင် အရှိန်အဟုန်ပြင်းစွာ တိုးတက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ မတူကွဲပြားခြားနားသော အစုရှယ်ယာရှင်များပေါင်းစည်းပါဝင်မှု၊ အတွေ့အကြုံရှိသော Board of Director များနှင့် ကျွမ်းကျင်မှုပြည့်ဝသော Senior Management Team တို့၏ အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်မှုနှစ်ခုလုံးတို့ကြောင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်ပြီးမြောက်စေပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ကျင့်ဝတ်ကောင်းများနှင့် ပွင့်လင်းမြင်သာမှုအပေါ် အခြေခံပြီး တည်ထောင်ထားသော အုပ်ချုပ်မှုဆိုင်ရာ မူဘောင်တစ်ခုဖြစ်လာစေပါသည်။

အစုရှယ်ယာရှင်များကို တန်ဖိုးထားပြီး စဉ်ဆက်မပြတ်တိုးတက်ရန်အတွက် ကျွန်ုပ်တို့အနေဖြင့် မမိုတ်မသုန် အာရုံစူးစိုက်လုပ်ဆောင်သွားမည်ဟု ကတိကဝတ်ပြုပါသည်။ သင့်ယုံကြည်မှုသည် ကျွန်ုပ်တို့ အောင်မြင်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပြီး သင်၏စဉ်ဆက်မပြတ် ဆက်လက်ကူညီပံ့ပိုးပေးမှုအတွက် ကျွန်ုပ်တို့က စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျွန်ုပ်တို့၏ တိုးတက်များပြားလာသော သုံးစွဲသူများကို ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ တီထွင်ဆန်းသစ်မှုရှိပြီး ပြိုင်ဆိုင်မှုအားကောင်းသော ဘဏ္ဍာရေးဆိုင်ရာ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကို ပေးအပ်နိုင်ခြင်းကြောင့် MCB ဘဏ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတစ်ဝှမ်းရှိ မြို့ပေါင်း (၃၁) မြို့တွင် ဘဏ်ခွဲပေါင်း (၅၆) ဘဏ်ဖွင့်လှစ်ထားပြီး ခိုင်မာသော ကွန်ရက်တစ်ခုကို ထူထောင်ထားပါသည်။ မဟာဗျူဟာကျသော နေရာများတွင် ဖွင့်လှစ်ထားသည့် အဆိုပါဘဏ်ခွဲများက ကျွန်ုပ်တို့ Customer များကို မြန်မာနိုင်ငံ၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ကျွန်ုပ်တို့၏ဝန်ဆောင်မှုများအား လွယ်လင့်တကူ ရယူအသုံးပြုနိုင်စေပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဒစ်ဂျစ်တယ်နည်းဖြင့်ဖြစ်စေ နှစ်မျိုးစလုံးဖြင့် ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက် ရှိနေပါသည်။

အင်တိုက်အားတိုက် တက်ကြွစွာဆောင်ရွက်နေကြသည့် ဘဏ်လုပ်ငန်းကျွမ်းကျင်ပညာရှင်စစ်စစ် ဝန်ထမ်းပေါင်း (၁,၁၀၀) ကျော် ပါဝင်လျက် ကျွန်ုပ်တို့၏ အမြဲတစေတိုးတက်လာနေသောအဖွဲ့သည် MCB ဘဏ်၏ အောင်မြင်မှုသော့ချက်ပင်ဖြစ်ပါသည်။ မတူကွဲပြားသော အရည်အချင်းများနှင့် ကျွမ်းကျင်မှုများ ပြည့်ဝနေသော အဆိုပါဘဏ်ဝန်ထမ်းများသည် ဖော်ရွေမှုအပြည့်ဖြင့် ထိရောက်မှုရှိသည့် Customer Service ၏ နောက်ကွယ်မှ ကူညီပံ့ပိုးပေးလျက်ရှိသော အင်အားများပင်ဖြစ်ပါသည်။ ဘဏ္ဍာရေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် သင့်မျှော်မှန်းချက်များကို ပြည့်မီရုံသာမကဘဲ ကျော်လွန်နိုင်ခြင်းသည် အရေးကြီးကြောင်း ကျွန်ုပ်တို့သိရှိနားလည်သဘောပေါက်ပါ သည်။

ကျွန်ုပ်တို့၏ဘဏ်ခွဲကွန်ရက်နှင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နေကြသော အဖွဲ့သည် အမြဲတစေ ပြောင်းလဲမှုများပြည့်နှက်နေသည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများကို ကျွန်ုပ်တို့ဘဏ်၏ သုံးစွဲသူများက ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်စေရန် ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးရာတွင် ဟန်ချက်ညီညီ လုပ်ဆောင်နေပါသည်။ ပြောင်းလဲနေသော ဈေးကွက်အချက်အလက်များနှင့် လိုက်လျောညီထွေမှုရှိအောင် ဆန်းသစ်တီထွင်၍ သာလွန်ကောင်းမွန်စေရန် အခွင့်အလမ်းကောင်းများကို ဆုပ်ကိုင်ပြီး MCB ဘဏ်သည် ဘဏ်လုပ်ငန်းနယ်ပယ်၏ ထိပ်ဆုံးတွင်ရပ်တည်နိုင်စေရန်အတွက် ကျွန်ုပ်တို့အားလုံး ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြပါသည်။

ကျွန်ုပ်တို့၏ ကျယ်ပြန့်သော ဘဏ်ခွဲကွန်ရက်နှင့် မဆုတ်မနစ် ကြိုးပမ်းအားထုတ်နေကြသော ကျွမ်းကျင်ပညာရှင်များမှတဆင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကျွန်ုပ်တို့သုံးစွဲသူများ၏ သီးသန့်လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်သည့် ထူးခြားကောင်းမွန်သော ဘဏ္ဍာရေးဝန်ဆောင်မှုများကိုလည်း အကောင်းဆုံးပေးအပ်လျက်ရှိနေပါသည်။ ကျွန်ုပ်တို့အပေါ်ထားရှိသော သင့်ယုံကြည်မှုသည် ကျွန်ုပ်တို့ဘဏ်၏ တိုးတက်မှုနှင့် အောင်မြင်မှု၏ အခြေခံအုတ်မြစ်အဖြစ် ဆက်လက်တည်ရှိနေပြီး မယိမ်းမယိုင်သော ကတိကဝတ်များဖြင့် သင့်အား ဝန်ဆောင်မှုကောင်းများပေးအပ်နိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်မျှော်လင့်လျက်ရှိနေပါသည်။

# MILESTONE

**ROAD TO SUCCESS**

**1992**
Commenced Banking Operation

**1998**
Class A share transferred to MOC

**2003**
International Banking Service

**2007**
E payment system for Trade License Fees

**2012**
Money Changer License

**2015**
Launched mobile money service 663

**2016**
JICA SME Two Step Loan

**2017**
Upgradation of IT Facilities and Implementation of T24 Core Banking Software

**2018**
Core Banking System Implementation

**2020**
Digital Transformation

**2022**
30th Anniversary

**2023**
Expanding Branch Network

## MCB တို့၏ အနာဂတ် ရည်မှန်းချက်

ဘဏ်နှင့်ပါဝင်ပတ်သက်သူများအားလုံးကို အကျိုးဖြစ်ထွန်း၍ နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေပြီး ဆန်းသစ်တီထွင်မှု၊ ဂုဏ်သတင်းကောင်းမွန်မှုနှင့် ရေရှည်ခိုင်မာတောင့်တင်းသော ဘဏ်တစ်ခုဖြစ်လာစေရန်။

## MCB ၏ လုပ်ဆောင်ရန်လမ်းစဉ်များ

**01**

ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ကောင်းမွန်သော အုပ်ချုပ်မှု စနစ်နှင့် ခိုင်မာတောင့်တင်းသည့် ဘဏ္ဍာ ရေးစွမ်းဆောင် ရည်အားဖြင့် ဘဏ်တွင် ရင်းနှီးမြှုပ်နှံသူများအား အကျိုးဖြစ် ထွန်းအောင် ဖန်တီးပေးခြင်း။

**02**

အကြီးစား၊ အလတ်စား၊ အသေးစားနှင့် တစ်ဦးချင်း သုံးစွဲသူ စသည်ဖြင့် ကဏ္ဍအလိုက် ဘဏ်ဝန်ဆောင်မှုများပေးခြင်း။

**03**

ဘဏ်ခွဲများ၊ ကိုယ်စားလှယ် ဘဏ်ခွဲများနှင့် ဒစ်ဂျစ်တယ်လမ်းကြောင်းများမှတစ်ဆင့် အလုံးစုံသော ဘဏ္ဍာရေးအခန်းကဏ္ဍများ အတွက် ဘဏ်ဝန်ဆောင်မှုအား မြှင့်တင်ဆောင်ရွက်ခြင်း။

**04**

စွမ်းဆောင်ရည် မြင့်မား၍ စိတ်ချယုံကြည်ရပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ဝန်ထမ်းများအား ခန့်အပ်ခြင်းနှင့် ပြုစုပျိုးထောင်ပေးခြင်း။

**05**

ဘဏ်၏ သုံးစွဲသူများနှင့် ဘဏ်တွင်း လုပ်ငန်းစဉ်များအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ယုံကြည်စိတ်ချရသော အခြေခံအိုင်တီ အဆောက်အဦအား တည်ဆောက်ခြင်း။

## MCB ၏ အဓိကတန်ဖိုးများ

- မိမိ၏ အသက်မွေးဝမ်းကြောင်း အနေဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်မှုအား တန်ဖိုးထားခြင်း
- ဝန်ထမ်းအချင်းချင်း အပြန်အလှန် လေးစားမှုအား တန်ဖိုးထားခြင်း
- ယုံကြည်စိတ်ချရမှုနှင့် ရိုးသားဖြောင့်မတ်မှန်ကန်မှုအား တန်ဖိုးထားခြင်း
- မတူညီမှုများကို လက်ခံပြီး တန်းတူအခွင့်အရေးရရှိမှုအား တန်ဖိုးထားခြင်း
- ကိုယ်ကျင့်သိက္ခာကောင်းမွန်မှုအား တန်ဖိုးထားခြင်း

## MCB ၏ လုပ်ငန်းခွင်ယဉ်ကျေးမှုများ

- ရလဒ်ကိုအခြေခံသော လုပ်ငန်းစွမ်းဆောင်ရည်အား မြှင့်တင်ပေးခြင်း
- ဝန်ထမ်းများ၊ လုပ်ငန်းစဉ်များနှင့် နည်းစနစ်များအား တစ်ပြိုင်တည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း
- သုံးစွဲသူ၏ လိုအပ်ချက်ကို အခြေပြုစဉ်းစားဆောင်ရွက်ခြင်း
- အဖွဲ့လိုက် လုပ်ဆောင်ခြင်း
- ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း
- စိန်ခေါ်မှုများအား တိုးတက်မှု အခွင့်အလမ်းများအဖြစ် လက်ခံခြင်း
- ကျင့်ဝတ်များကို လိုက်နာပြီး ယုံကြည်စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများပေးခြင်း
- လုပ်ဆောင်မှုတိုင်းတွင် အကျိုးအမြတ်ကို တွေးမျှော်၍ လုပ်ဆောင်ခြင်း
- ဒစ်ဂျစ်တယ်နည်းပညာကို ဦးစားပေးအနေဖြင့် အသုံးပြုရန် အားပေးခြင်း
- စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း

# ဥက္ကဋ္ဌ ၏ အစီအရင်ခံစာ

## ဦးမင်းမင်း

## CHAIRMAN



လေးစားတန်ဖိုးထားရပါသောအစုရှယ်ယာရှင်များခင်ဗျာ

ကျွန်တော်တို့မြန်မာနိုင်ငံသားများဘဏ်ရဲ့(၂၀၂၃-၂၀၂၄)ဘဏ္ဍာနှစ်အတွက်နှစ်ပတ်လည်အစီရင်ခံစာကိုလေးနက်သောတာဝန်သိစိတ်ဖြင့်ဂုဏ်ယူဝမ်းမြောက်စွာတင်ပြအပ်ပါတယ်။အမြဲတစေပြောင်းလဲနေသောစီးပွားရေးအခင်းအကျင်းများနဲ့အခက်အခဲအများကြားမှာ ဟန်ချက်ညီစေရန်ချိန်ညှိလုပ်ဆောင်ခဲ့ရတဲ့ယခုနှစ်ဟာဆိုရင်ဖြင့်အသွင်ကူးပြောင်းမှုနှင့်ခံနိုင်ရည်ရှိလာစေတဲ့ကာလပဲဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာမသေချာမရေရာမှုများရှိသော်လည်းကျွန်တော်တို့ရဲ့ဘဏ်ဟာ စိန်ခေါ်မှုများကိုခံနိုင်ရည်ရှိရုံသာမက၎င်းတို့ကိုတိုးတက်မှုနှင့်ဆန်းသစ်တီထွင်မှုများအတွက်အခွင့်အလမ်းများအဖြစ် အသုံးချဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်မှာဆိုရင်ဖြင့် Customer များကိုအလေးထားမှု၊ နည်းပညာပိုင်းဆိုင်ရာအဆင့်မြှင့်တင်မှုနှင့် ရေရှည်တည်တံ့သော တိုးတက်မှုရှိစေရန် သန္နိဋ္ဌာန်ထားရှိခဲ့ တဲ့ကျွန်တော်တို့ရဲ့ကတိကဝတ်ကို ပိုမို ခိုင်မာလာစေခဲ့ ပါတယ်။ကျွန်တော်တို့ ဘဏ်ရဲ့ ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်ရည် အားကောင်းမှုဟာ ကျွန်တော်တို့ရဲ့မဟာဗျူဟာဖြစ်တဲ့ အချိန်တိုအတွင်း ထိရောက်မှုနှင့်ဆန်းသစ်တီထွင်မှုအပေါ်မှာ အာရုံစူးစိုက်ထားမှုကို ထင်ဟပ်စေပါတယ်။ ယခုလို စိန်ခေါ်မှုများစွာရှိနေသောအချိန်များမှာကျွန်တော်တို့ဘဏ်ရဲ့ခံနိုင်ရည်ရှိမှုနှင့် လိုက်လျောညီထွေရှိမှုကို သက်သေပြနိုင်တဲ့ ခိုင်မာသော အမြတ်အစွန်းရလာဒ်ကို အစီရင်ခံတင်ပြရခွင့်ရတဲ့အပေါ် ကျွန်တော်အနေနဲ့ များစွာဝမ်းသာကျေနပ်မိပါတယ်။

ယခုဘဏ္ဍာရေးနှစ်ရဲ့ သိသာထင်ရှားတဲ့ အချက်တစ်ခုကတော့ ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းအပေါ် ကျွန်တော်တို့အလေးပေးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ များစွာဖွံ့ဖြိုးတိုးတက်လာတဲ့ ဒစ်ဂျစ်တယ်ကဏ္ဍမှာ ကျွန်တော်တို့ Customer များရဲ့ လိုအပ်ချက်များကိုပိုမိုကောင်းမွန်စွာဝန်ဆောင်မှုပေးနိုင်ရန်ထုတ်ကုန်အသစ်များကိုမိတ်ဆက်ပေးခဲ့ပြီးရှိနှင့်ပြီးသားထုတ်ကုန်များကိုလည်းအဆင့်မြှင့်တင်ခြင်းများ

ပြုလုပ်ခဲ့ပါတယ်။ ယခုအခါ အဆိုပါပလပ်ဖောင်းဟာဆိုရင် transaction များလုပ်ဆောင်ရာမှာ ပိုမိုအဆင်ပြေလာပြီးမြန်မာနိုင်ငံရှိလျင်မြန်စွာကြီးထွားလာသော စီးပွားရေးဆိုင်ရာနည်းပညာ fintech နယ်ပယ်မှာကောင်းမွန်ခိုင်မာတဲ့နေရာတစ်ခုကိုရရှိနေပြီဖြစ်ပါတယ်။ ဝန်ဆောင်မှုအရည်အသွေးကိုမြှင့်တင်ရန်နှင့်ဘဏ်၏ဒစ်ဂျစ်တယ်ထုတ်ကုန်ဝန်ဆောင်မှုများကိုပေးအပ်နိုင်ရန်အတွက် ကျွန်တော်တို့ရဲ့ကြိုးပမ်းအားထုတ်မှုများဟာ နိုင်ငံသားတစ်ဦးချင်းစီမှစပြီး အသေးစား စီးပွားရေးလုပ်ငန်းများနှင့် ကော်ပိုရေးရှင်းကြီးများအထိ နိုင်ငံသားတိုင်း၏ ဘဏ္ဍာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အလေးထားမှုကိုပေါ်လွင်စေပါတယ်။

ထို့အပြင်နှစ်စဉ်နှစ်တိုင်းဘဏ်၏ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကိုပိုမိုလွယ်ကူဆန်းသစ်စေရန်ရည်ရွယ်ပြီးထုတ်လုပ်လျက်ရှိရာယခုနှစ်မှာလည်းကာစတန်မာများ၏ လိုအပ်ချက်များကိုလိုက်ညီလျက်ကောင်းမွန်သော Deposit Product များအဖြစ် Premium Special Saving နှင့် Flexi Call ကဲ့သို့သော Deposit Product ထုတ်လုပ်နိုင်ခဲ့ပြီးကာစတန်မာများ၏အပ်ငွေများ ဘဏ်တွင် သိသိသာသာတိုးတက်လာခဲ့ပါသည်။

ကျွန်တော်တို့ဘဏ်အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာအောင်မြင်မှုများရရှိခဲ့သော်လည်းချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ဘဏ်၏ရေရှည်ရပ်တည်နိုင်မှုကိုအစဉ်အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မတည်ငွေရင်းလုံလောက်မှုအချိုးကဲ့သို့သော အရေးကြီးလိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များပြည့်မီစေရန်မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏စည်းမျဉ်းစည်းကမ်းမူဘောင်နှင့်အညီလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်ကျွန်တော်တို့ရဲ့ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဗျူဟာများကြောင့် ကျွန်တော်တို့ဘဏ်၏ ယခင်နှစ် Non Performing Loan Ratio (၁၃.၈၄%) မှ (၄.၇၂%) သို့ အချိန်တိုအတွင်း သိသိသာသာလျော့ချနိုင်ခဲ့ပါတယ်။ ရှေ့ဆက်ပြီးလုံ့လဝီရိယရှိစွာဖြင့် ဆက်လက်ကြိုးစားသွားမှာဖြစ်ပြီး နောင်လာမည့်နှစ်များတွင် ယခုနှစ်ထက်ပိုမို၍အမြတ်အစွန်းများရရှိအောင်ကြိုးစားသွားကာအမြတ်ဝေစုခွဲဝေခြင်းကိုပြန်လည်လုပ်ဆောင်နိုင်တဲ့ အနေအထားသို့ ရောက်ရှိအောင် ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးဘဏ်ခွဲများကို Customer များလက်လှမ်းမီသည့်နေရာများမှာတိုးချဲ့ဖွင့်လှစ်သွားနိုင်ရန်ဆိုသည့် ကျွန်တော်တို့ရဲ့ကတိကဝတ်ဟာ ခိုင်မာနေဆဲဖြစ်ပါတယ်။ ယခုနှစ်မှာဘဏ်ခွဲအသစ်(၆)ဘဏ်ကိုဖွင့်လှစ်ခဲ့ခြင်းဖြင့် ကျွန်တော်တို့ရဲ့ဘဏ်ခွဲကွန်ရက်ကိုဆက်လက်ချဲ့ထွင်ခဲ့ပြီးဘဏ်ရဲ့ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များကိုမြန်မာနိုင်ငံတစ်ဝှမ်းရှိ Customer များနှင့် ပိုမိုနီးစပ်လာစေခဲ့ပါတယ်။

ကျွန်တော်တို့ဘဏ်ရဲ့အနာဂတ်ဟာအလားအလာကောင်းများနှင့် စောင့်ကြိုနေပါတယ်။ အထူးသဖြင့်ဘဏ်၏နည်းပညာပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းများကိုပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းနှင့်ဘဏ်ခွဲကွန်ယက်များကို ဘဏ်ဝန်ဆောင်မှု လုံလောက်စွာမရှိသေးသောဒေသများသို့ချဲ့ထွင်ခြင်းစသည့်အခွင့်အလမ်းများကိုကျွန်တော်တို့မြင်တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့မျှော်မှန်းချက်မှာ မြန်မာနိုင်ငံသူနိုင်ငံသားတိုင်း လက်လှမ်းမီသောဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများနှင့် ထူးခြားသောတန်ဖိုးများကို ပေးအပ်ပြီး အားလုံးအတွက် အယုံကြည်ရဆုံးသောဘဏ္ဍာရေးမိတ်ဖက်ဖြစ်လာစေရန်ဖြစ်ပါတယ်။

ကျွန်တော်တို့ဘဏ်ရဲ့အောင်မြင်မှုအတွက်အဓိကကျသော ဝန်ထမ်းများရဲ့ကြိုးစားအားထုတ်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဘဏ်နှင့် ယုံကြည်စွာလက်တွဲ ဆောင်ရွက်ကြတဲ့ Customer များ၊ ကျွန်တော်တို့မြန်မာနိုင်ငံသားများဘဏ် အပေါ်မှာ ဆက်လက် ယုံကြည် ပေးခဲ့ ကြတဲ့ အစုရှယ်ယာရှင်များကိုအထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ရှေ့ဆက်လျှောက်လှမ်းရမယ့်ခရီးလမ်းမှာကျွန်တော်တို့အနေနဲ့ဘဏ်ရဲ့အောင်မြင်မှုများကို တည်ဆောက်ရင်း၊ စိန်ခေါ်မှုများကိုကျော်လွှားပြီးကျွန်တော်တို့ဘဏ်နှင့် ပါဝင်ပတ်သက်သူအားလုံးအတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးသွားမယ်လို့ လေးနက်စွာဖြင့် သန္နိဋ္ဌာန်ပြုလိုက်ရပါတယ်။

လေးစားစွာဖြင့်
မင်းမင်း(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

# ဒါရိုက်တာအဖွဲ့

ဒါရိုက်တာများအဖွဲ့သည် မည်သည့်အဖွဲ့အစည်းတွင်မဆိုအောင်မြင်စွာလုပ်ငန်းလည်ပတ်နိုင်စေရန် စုစည်းဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ ရှိပါသည်။ စီးပွားရေးလုပ်ငန်း၏မျှော်မှန်းချက်များ၊ တာဝန်များ၊ မူဝါဒများ၊ ရေရှည်မဟာဗျူဟာများကို ချမှတ်ရန်၊ လမ်းညွှန်မှုများ ပံ့ပိုးပေးရန်နှင့် မတူကွဲပြားခြားနားသောကဏ္ဍများတွင် ကြီးကြပ်ကွပ်ကဲပေးရန်အတွက် ဒါရိုက်တာများအဖွဲ့သည် မိမိတို့၏ လုပ်ငန်းနယ်ပယ်အသီးသီးတွင် အဖက်ဖက်မှ ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။ MCB ဘဏ်၏ဒါရိုက်တာများအဖွဲ့တွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ သွင်းကုန်ပို့ကုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုအတတ်ပညာ၊ အများပြည်သူဆိုင်ရာ စီမံအုပ်ချုပ်ရေးစသည့် မတူကွဲပြားသော နယ်ပယ်အသီးသီးမှ အဖွဲ့ဝင်များပါဝင်ကြပါသည်။

MCB ဘဏ်၏ဒါရိုက်တာများအဖွဲ့သည်မိမိတို့ဘဏ်ကိုအောင်မြင်မှုရရှိစေရေးအတွက်ကြိုးပမ်းဆောင်ရွက်ရာတွင်လွန်စွာအရေးပါလှပါသည်။ ၎င်းတို့သည်မဟာဗျူဟာမြောက်မျှော်မှန်းချက်များကို ပံ့ပိုးပေးပြီး စွမ်းဆောင်ရည်မြင့်မားသော အကြီးတန်းစီမံခန့်ခွဲသူများကိုခန့်အပ်၍ ခိုင်မာသည့်ကြီးကြပ်ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးအစီအမံများကိုချမှတ်ထားပါသည်။ ၎င်းတို့၏ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှုအပေါ်အလေးထားဆောင်ရွက်ခြင်းသည် ဘဏ်လုပ်ငန်းကိုတည်ငြိမ်မှုရရှိစေပြီးစည်းမျဉ်းစည်းကမ်းများနှင့်အညီလည်း လိုက်နာဆောင်ရွက်နိုင်စေပါသည်။ ကျင့်ဝတ်သိက္ခာ၊ပွင့်လင်းမြင်သာမှုတို့နှင့်ပတ်သက်၍ ဒါရိုက်တာများအဖွဲ့၏ ပေးအပ်ထားသောကတိကဝတ်များက ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကိုတိုးမြင့်လာစေသည်။ ယေဘုယျအားဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာများဖြင့် အောင်မြင်မှုပန်းတိုင်ဆီသို့ အရောက်ချီတက်လှမ်းနေချိန်နှင့် ခိုင်မာသော ကော်ပိုရိတ်အုပ်ချုပ်မှုစံနှုန်းများကို လိုက်နာဆောင်ရွက်ချိန်တွင် ၎င်းတို့၏ အရေးပါမှုသည် သိသာထင်ရှားလှပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ် (၁၁) ပြည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေး၏အတည်ပြုချက်အရ(၂၀၂၃ - ၂၀၂၄) ဘဏ္ဍာနှစ်အတွက်အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သောဒါရိုက်တာများအဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။



**ဦးမင်းမင်း**
ဒါရိုက်တာ

- ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ



**ဦးတိုးအောင်မြင့်**
ဒါရိုက်တာ

- စာရင်းစစ်ကော်မတီ အဖွဲ့ဝင်
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်
- လစာချီးမြှင့်ရေးကော်မတီ အဖွဲ့ဝင်



**ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး**
ဒါရိုက်တာ

- လစာချီးမြှင့်ရေးကော်မတီ ဥက္ကဋ္ဌ
- IT Steering ကော်မတီ အဖွဲ့ဝင်



**ဦးလှဦး**
ဒါရိုက်တာ

- ချေးငွေကော်မတီ အဖွဲ့ဝင်
- လစာချီးမြှင့်ရေးကော်မတီ အဖွဲ့ဝင်



## ဦးအုန်းဆိုင်
ဒါရိုက်တာ

- ချေးငွေကော်မတီ
  ဥက္ကဋ္ဌ
- စာရင်းစစ်ကော်မတီ
  အဖွဲ့ဝင်



## ဒေါ်ခင်မာမြင့်
ဒါရိုက်တာ

- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ
  အဖွဲ့ဝင်
- ချေးငွေကော်မတီ
  အဖွဲ့ဝင်



## ဦးထွန်းလွင်
ဒါရိုက်တာ

- ချေးငွေကော်မတီ
  အဖွဲ့ဝင်
- လစာချီးမြှင့်ရေးကော်မတီ
  အဖွဲ့ဝင်
- စာရင်းစစ်ကော်မတီ
  အဖွဲ့ဝင်



## ဦးအောင်အောင်
ဒါရိုက်တာ

- IT Steering ကော်မတီ
  ဥက္ကဋ္ဌ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ
  အဖွဲ့ဝင်




## ဦးအောင်စိုး
ဒါရိုက်တာ

- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ
  ဥက္ကဋ္ဌ
- စာရင်းစစ်ကော်မတီ
  အဖွဲ့ဝင်
- IT Steering ကော်မတီ
  အဖွဲ့ဝင်



## ဦးဌေးချွန်
သီးခြားလွတ်လပ်သော ဒါရိုက်တာ

- စာရင်းစစ်ကော်မတီ
  ဥက္ကဋ္ဌ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ
  အဖွဲ့ဝင်




## Corporate Governance (ကော်ပိုရိတ်စီမံအုပ်ချုပ်မှု)

ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ဆိုသည်မှာ ဘဏ်တစ်ခုအား လမ်းညွှန်ထိန်းချုပ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အလေ့အထများနှင့် လုပ်ငန်းစဉ်များဆိုင်ရာစနစ်တစ်ခုဖြစ်ပါသည်။ ၎င်းတွင် ဘဏ်တစ်ခု၏ စီမံခန့်ခွဲသူများ၊ ဒါရိုက်တာများအဖွဲ့၊ အစုရှယ်ယာရှင်များနှင့် အခြားသော Stakeholder များအကြား ဆက်ဆံရေးကို လွှမ်းခြုံဖော်ပြထားသည်။ အောင်မြင်ထိရောက်မှုရှိသောကော်ပိုရိတ်အုပ်ချုပ်မှုစနစ်သည် ဘဏ်တစ်ခုအားပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှုတာဝန်ခံမှု အပြည့်ဖြင့် စီမံခန့်ခွဲနိုင်ပြီး Stakeholders များအားလုံး၏ အကျိုးစီးပွားကို အကောင်းဆုံးတိုးတက်စေနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု၊ အဖွဲ့အစည်း၏ ခိုင်မာမှုနှင့် ရေရှည်အောင်မြင်မှုတို့ကို ထိန်းသိမ်းထားရန်လည်း အရေးကြီးပါသည်။ ကျွန်ုပ်တို့ MCB ဘဏ်အနေဖြင့် ခိုင်မာသော ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ဆိုင်ရာအခြေခံမူဝါဒများကိုအလေးအနက်ထား၍ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ဒါရိုက်တာများအဖွဲ့၊ Executive Management နှင့် ဝန်ထမ်းများသည် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ အနေအထိုင်အပြုအမူ၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့အား စံချိန်စံနှုန်းအပြည့်ဖြင့် တိကျခိုင်မာစွာ လိုက်နာဆောင်ရွက်ကြပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများအား အစုရှယ်ယာရှင်များ၊ Customer များနှင့် ကြီးကြပ်ကွပ်ကဲ သည့် အဖွဲ့အစည်းများအပါအဝင် ကျွန်ုပ်တို့၏ Stakeholders များကအကျိုးအမြတ်အများဆုံးရရှိစေရန် ပြင်ဆင်ရေးဆွဲထားပြီးကျွန်ုပ်တို့၏ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်မူဘောင်တွင် အဆိုပါဆုံးဖြတ်ချက်ကို ထည့်သွင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဒါရိုက်တာများအဖွဲ့တွင် မဟာဗျူဟာလမ်းညွှန်ချက်ကို ပံ့ပိုးပေး၍ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကို ကြီးကြပ်ကွပ်ကဲနိုင်သည့် ဘက်စုံကျွမ်းကျင်ထူးချွန်သော အဖွဲ့တစ်ခုကိုပါဝင်ဖွဲ့စည်းထားပြီး တည်ဆဲဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများအားလုံးကိုလိုက်နာဆောင်ရွက်ပါသည်။အမှုဆောင်အရာရှိချုပ်(CEO) အပါအဝင် အကြီးတန်းစီမံခန့်ခွဲသူများကို ခန့်အပ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ကျွန်ုပ်တို့အဖွဲ့အစည်း၏ တာဝန်များနှင့် မျှော်မှန်းချက်များကို အဓိပ္ပာယ်သတ်မှတ်ဖွင့်ဆိုရာတွင် ၎င်းတို့သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

MCB ၏ ခိုင်မာသော ကော်ပိုရိတ်အုပ်ချုပ်မှုအလေ့အထများသည် ဘဏ်အား စဉ်ဆက်မပြတ် တိုးတက်မှုနှင့် အောင်မြင်မှုရရှိရန်အတွက် တိုက်ရိုက်အထောက်အကူဖြစ်စေပါသည်။ ၎င်းတို့သည် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်း၊ ကျွန်ုပ်တို့၏ဂုဏ်သိက္ခာကို ကာကွယ်ခြင်းနှင့် အရင်းအမြစ်များကို ဆင်ခြင်တုံတရားပြည့်ဝစွာ စီမံခန့်ခွဲခြင်းတို့အတွက် အခြေခံအုတ်မြစ်ကို ပံ့ပိုးပေးပါသည်။ ကျွန်ုပ်တို့၏အုပ်ချုပ်မှုမူဘောင်သည် ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်မှုနှင့် သစ္စာရှိမှုတို့ကို မြှင့်တင်ပေးခြင်းဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုလည်း တိုးမြင့်စေပါ သည်။ ထို့အပြင် ယင်းမူဘောင်သည် ကျွန်ုပ်တို့အား ပြောင်းလဲနေသော ဈေးကွက်အခြေအနေများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိစွာ လုပ်ဆောင်နိုင်စေပါသည်။ MCBဘဏ်သည် အမြင့်ဆုံးသောစံချိန်စံညွှန်းများကိုလိုက်နာဆောင်ရွက်ခြင်းဖြင့် အစုရှယ်ယာရှင်များ၏ ယုံကြည်မှုကိုရရှိရုံသာမကကျွန်ုပ်တို့၏Customerများအတွက် ယုံကြည်စိတ်ချရသော ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုလည်းဖြစ်လာစေပါသည်။ ဤနှစ်ပတ်လည်အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည့်အတိုင်း ခိုင်မာသောကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ဖြစ်လာစေမည့် MCBဘဏ်၏ ကတိကဝတ်များသည် အမြဲတစေ ပြောင်းလဲနေသော ဘဏ္ဍာရေးအခင်းအကျင်းတွင် ရှင်သန်တိုးတက်လာစေရန်နှင့်ကျွန်ုပ်တို့ Stakeholder များ၏ပိုင်ဆိုင်မှုတိုးပွားလာစေရန် ကျွန်ုပ်တို့၏စွမ်းဆောင်ရည်နောက်ကွယ်မှ ပံ့ပိုးပေးနေသည့် တွန်းအားတစ်ခုဖြစ်ပါသည်။

# Board Committees (ဘုတ်အဖွဲ့ကော်မတီများ)

မတူကွဲပြားခြားနားသောလုပ်ငန်းနယ်ပယ်အမျိုးမျိုးတွင်ဘုတ်အဖွဲ့ဝင်များကို ပံ့ပိုးကူညီရန်နှင့် ဘုတ်အဖွဲ့များ၏ လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်ဘုတ်အဖွဲ့ကော်မတီများကိုဖွဲ့စည်းထားရှိပါသည်။ MCB ဘဏ်၏ဘုတ်အဖွဲ့တွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေး ဝန်ဆောင်မှု၊ သွင်းကုန်ပို့ကုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုအတတ်ပညာ၊ အများပြည်သူဆိုင်ရာစီမံအုပ်ချုပ်ရေးစသည်ဖြင့် အမျိုးမျိုးသော လုပ်ငန်းနယ်ပယ် အသီးသီးမှ အဖွဲ့ဝင်များပါဝင်ကြပါသည်။ ဘုတ်အဖွဲ့ကော်မတီများကိုသက်ဆိုင်ရာကဏ္ဍအသီးသီးတွင် လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုပြည့်ဝပြီး သီးခြားလွတ်လပ်သောဒါရိုက်တာများဖြင့် ပေါင်းစပ်ညှိနှိုင်း၍ဖွဲ့စည်းထားရှိပါသည်။ ကျွန်ုပ်တို့ဘဏ်၏ ဘုတ်အဖွဲ့ကော်မတီများကို ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်၏အခန်းကဏ္ဍမျိုးစုံကိုကိုင်တွယ်ဖြေရှင်းရန်ဖွဲ့စည်းထားရှိပြီး ယင်းတွင် စာရင်းစစ်ကော်မတီ(Audit Committee)၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့်လိုက်နာဆောင်ရွက်ရေးကော်မတီ (Risk Managment and Compliance Committee)၊ ချေးငွေကော်မတီ (Credit Committee)၊ လစာချီးမြှင့်ရေးနှင့် အဆိုပြုခန့်ထားရေးကော်မတီ (Remuneration & Nomination Committee)နှင့်နည်းပညာဆိုင်ရာကော်မတီ (IT Steering Committee) တို့ပါဝင်ပါသည်။ ဤကဲ့သို့မတူကွဲပြားခြားနားမှုများကိုပေါင်းစပ်ဖွဲ့စည်းထားခြင်းသည် ကျွန်ုပ်တို့ဘဏ် နှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ MCBဘဏ်၏စီမံခန့်ခွဲမှုအဖွဲ့သည် ဤဘုတ်အဖွဲ့ကော်မတီများ၏ လမ်းညွှန်ချက်များ၊ အကြံပြုချက်များနှင့် အကိုက်ညီဆုံးဖြစ်အောင်စီမံခန့်ခွဲလျက်ရှိပါသည်။ ဘုတ်အဖွဲ့ကော်မတီများသည် ကြီးကြပ်ကွပ်ကဲရေး၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရေးနှင့် တာဝန်ယူမှု၊တာဝန်ခံမှုတို့ကိုမြှင့်တင်ရေး စသည်တို့ကိုလည်းတာဝန်ယူဆောင်ရွက်ပါသည်။

1

## စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ (BAC)

စာရင်းစစ်ဘုတ်အဖွဲ့ကော်မတီ (BAC) သည်ဘဏ်၏အုပ်ချုပ်မှု၊ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့်ဘဏ်အတွင်း ထိန်းသိမ်းဆောင်ရွက်ရမည့်အလေ့အကျင့်များအားစနစ်တကျကြီးကြပ်ကွပ်ကဲရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ကော်မတီသည် ဘဏ်လုပ်ငန်းများကိုထိရောက်စွာလက်တွေ့လုပ်ဆောင်နိုင်ခြင်းနှင့်ပတ်သက်သောလေ့လာတွေ့ရှိချက်အစီရင်ခံစာများ၊ အကြံညာဏ်များနှင့် လမ်းညွှန်မှုများကိုပံ့ပိုးပေးခြင်းဖြင့်ဘုတ်အဖွဲ့နှင့်စီမံခန့်ခွဲမှုအဖွဲ့ကိုထောက်ပံ့ကူညီရမည်ဖြစ်ပါသည်။ BAC သည်ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့်ပြင်ပစာရင်းစစ်ကိစ္စရပ်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဘဏ္ဍာရေးအစီရင်ခံစာပါ အမြင့်ဆုံးစံချိန်စံညွှန်းများကိုထိန်းချုပ်ရေးတွင်အားဖြည့်ကူညီခြင်းစသည်တို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

2

## ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့်လိုက်နာဆောင်ရွက်ရေးဘုတ်အဖွဲ့ကော်မတီ (BIRCC)

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့်လိုက်နာဆောင်ရွက်ရေးဘုတ်အဖွဲ့ကော်မတီ (BIRCC) သည်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးမူဘောင် တစ်ခုအား ချမှတ်ရန်၊ ထိရောက်မှုရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အပေါ်တွင် ကြီးကြပ်ကွပ်ကဲရန်နှင့် ပြန်လည်သုံးသပ်ရန် တာဝန်ရှိပါသည်။ လုပ်ငန်းဆောင်တာများအားတာဝန်ယူဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်ဆုံးရှုံးနိုင်ခြေများနှင့်ဆုံးရှုံးနိုင်ခြေလျော့ပါးသက်သာစေရေးနည်းလမ်းများကိုထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ BIRCC သည်ဆောင်ရွက်ပြီးစီးသွားသော စီးပွားရေးလုပ်ငန်းများ၏ အကျိုးရလာဒ်များကိုဆုံးရှုံးနိုင်ခြေရှုထောင့်မှ စိစစ်သုံးသပ်မည်ဖြစ်ပြီး လိုအပ်ပါကတိကျမှန်ကန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်ထားသောမူဝါဒများ၊စည်းမျဉ်းများကိုဘဏ်မှတိကျစွာလိုက်နာဆောင်ရွက်ရန် အတွက်ကြီးကြပ်ရန်တာဝန်ရှိပါသည်။

# Board Committees (ဘုတ်အဖွဲ့ကော်မတီများ)

3

## ချေးငွေဆိုင်ရာ ဘုတ်အဖွဲ့ကော်မတီ (BCC)

ချေးငွေဆိုင်ရာဘုတ်အဖွဲ့ကော်မတီ (BCC) သည် (၁) ဘဏ်၏ ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကို ကြီးကြပ်ခြင်း၊ (၂) ချေးငွေဆိုင်ရာဝန်ဆောင်မှုများကိုသုံးသပ်အတည်ပြုခြင်း၊ (၃)ဘဏ်၏ Credit Portfolio ဆိုင်ရာအရည်အသွေးနှင့် စွမ်းဆောင်ရည်ကို ပြန်လည်သုံးသပ်ခြင်း (၄) ချေးငွေအဆိုပြုချက်များအပေါ် ဆုံးဖြတ်ချက်ချခြင်းစသည်တို့ပါဝင်သည့်ဘဏ်၏ချေးငွေနှင့်ငွေထုတ်ချေးခြင်းဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများနှင့် ရည်ရွယ်ချက်များကိုကြီးကြပ်ရန် တာဝန်ရှိပါသည်။

4

## သတင်းအချက်အလက်နှင့်နည်းပညာ ဦးဆောင်ကော်မတီ (ITSC)

သတင်းအချက်အလက်နှင့်နည်းပညာ ဦးဆောင်ကော်မတီ ( ITSC ) သည် ဘဏ်၏ ဝန်ဆောင်မှုဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် နည်းပညာနှင့် ပတ်သက်သည့် မဟာဗျူဟာများနှင့် မူဝါဒများကို ချမှတ်ပေးရန်တာဝန်ရှိပါသည်။ ဘဏ်၏နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို သုံးသပ်ခြင်း၊ ဦးစားပေးလုပ်ဆောင်ရမည့် နည်းပညာနှင့် သတင်းအချက်အလက်များကို ချမှတ်ပေးခြင်းနှင့် ဘဏ်၏ Core Banking စနစ်စွမ်းဆောင်ရည်များကို ကြီးကြပ်ပြီး လမ်းညွှန်မှုပြုရန် တာဝန်ရှိပါသည်။

5

## လစာချီးမြှင့်ရေးနှင့်အဆိုပြုခန့်ထားရေးကော်မတီ (RNC)

လစာချီးမြှင့်ရေးနှင့်အဆိုပြုခန့်ထားရေးကော်မတီ (RNC)သည် ဝန်ထမ်းများနှင့်သက်ဆိုင်သည့် မူဝါဒများ၊ ဝန်ထမ်းများ၏ လုပ်ခလစာနှင့်အပိုချီးမြှင့်ငွေများ၊ နိုင်ငံခြားသားပညာရှင်များနှင့်စီမံခန့်ခွဲမှုအဆင့်တွင်ပါဝင်ရမည့်ဝန်ထမ်းဦးရေလိုအပ်ချက်များစသည်တို့ကို သုံးသပ်၍ အတည်ပြုချက်များ ချမှတ်ပေးရန် တာဝန်ရှိပါသည်။ ကော်မတီသည် ဘဏ်၏ရေရှည်မဟာဗျူဟာမျှော်မှန်းချက်များနှင့် အညီဈေးကွက်စံနှုန်းများနှင့် အလေ့အထများပေါ်မူတည်၍ HR ကိစ္စရပ်များကို စေ့စေ့စပ်စပ် သုံးသပ်ဆုံးဖြတ်ရန်နှင့် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဖြစ်လာစေရေးအတွက်အားပေးတိုက်တွန်းရန်လည်းတာဝန်ရှိပါသည်။

# ဘုတ်အဖွဲ့နှင့် အထူးပြုကော်မတီများ၏ အစည်းအဝေးတက်ရောက်သည့် အရေအတွက်မှတ်တမ်း

| ရာထူး | အမည် | BOD | BAC | BCC | BIRCC | RNC | ITSC |
|---|---|---|---|---|---|---|---|
| ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ | ဦးမင်းမင်း | (၁၀/၁၁) | - | - | - | - | - |
| ဒါရိုက်တာ | ဦးတိုးအောင်မြင့် | (၁၁/၁၁) | (၄/၄) | - | (၄/၄) | (၃/၃) | - |
| ဒါရိုက်တာ | ဦးကိုကိုကြီး | (၉/၁၁) | - | - | - | (၃/၃) | (၂/၂) |
| ဒါရိုက်တာ | ဦးလှဦး | (၁၀/၁၁) | - | (၈/၉) | - | (၃/၃) | |
| ဒါရိုက်တာ | ဦးအုန်းဆိုင် | (၁၀/၁၁) | (၄/၄) | (၉/၉) | - | - | - |
| ဒါရိုက်တာ | ဦးထွန်းလွင် | (၁၁/၁၁) | (၄/၄) | (၈/၉) | - | (၃/၃) | |
| ဒါရိုက်တာ | ဒေါ်ခင်မာမြင့် | (၁၀/၁၁) | - | (၈/၉) | (၄/၄) | - | - |
| ဒါရိုက်တာ | ဦးအောင်အောင် | (၈/၁၁) | - | - | (၄/၄) | - | (၂/၂) |
| ဒါရိုက်တာ | ဦးအောင်စိုး | (၁၁/၁၁) | (၄/၄) | - | (၄/၄) | - | (၂/၂) |
| သီးခြားလွတ်လပ်သော ဒါရိုက်တာ | ဦးဌေးချွန် | (၁၁/၁၁) | (၄/၄) | - | (၄/၄) | - | - |

# အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကော်မတီ (EMC)



စီမံခန့်ခွဲမှုကော်မတီသည်လုပ်ငန်းဆောင်တာများကိုထိထိရောက်ရောက်ဆောင်ရွက်ရာတွင်အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့ MCB ဘဏ်သည်အမြင့်ဆုံးသောကြီးကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများကချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများကိုလိုက်နာလျက်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကိုဖြစ်စေ၊စီးပွားရေးလုပ်ငန်းများကိုဖြစ်စေ၊နိုင်ငံသားတိုင်းကိုဖြစ်စေမတူကွဲပြားသောဝန်ဆောင်မှုများကိုပံ့ပိုးပေးအပ်လျက်ရှိသည့်ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာထမ်းဆောင်နေသည့် စီမံခန့်ခွဲမှုကော်မတီသည် ၎င်း၏ မဟာဗျူဟာမြောက်ဦးဆောင်ဦးရွက်ပြုမှု၊ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲနိုင်မှု၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှုနှင့် အလုံးစုံဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်တို့ကြောင့်ဘဏ်၏အောင်မြင်မှုအတွက်လွန်စွာအရေးပါသောအဖွဲ့တစ်ခုလည်းဖြစ်ပါသည်။ထိုကော်မတီ၏အခန်းကဏ္ဍသည်ဘဏ်လုပ်ငန်းအားတည်ငြိမ်မှုရရှိစေခြင်း၊Customerများအားဝန်ဆောင်မှုပေးအပ်နိုင်ခြင်းနှင့် Stakeholder အသီးသီးအတွက်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ခြင်းစသည်တို့ကိုပံ့ပိုးရာတွင်လည်း မရှိမဖြစ် လိုအပ်ပါသည်။

MCB ဘဏ်၏ စီမံခန့်ခွဲမှုအဖွဲ့သည် မြန်မာနိုင်ငံနှင့်နိုင်ငံတကာရှိ နယ်ပယ်အသီးသီးတွင် အတွေ့အကြုံရှိ ဘဏ်လုပ်ငန်းကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားပါသည်။ ဤအဖွဲ့သည်ဘဏ်၏မဟာဗျူဟာမြောက်ဦးတည်ချက်ကိုပုံဖော်ရန်နှင့်ဘုတ်အဖွဲ့မှသတ်မှတ်ထားသောရေရှည်ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းမျှော်မှန်းချက်များကိုချမှတ်ရေးဆွဲရန်အတွက်တာဝန်ရှိပါသည်။ ထို့အပြင်မဟာဗျူဟာများချမှတ်ခြင်း၊ဝန်ထမ်းအင်အားစီမံခန့်ခွဲခြင်း၊လုပ်ငန်းများဆုံးရှုံးနိုင်ခြေနည်းပါးပြီး ကောင်းမွန်စွာ အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်နေလျက်ရှိပြီး အမြတ်အစွန်းရရှိမှု၊ မတည်ငွေရင်း လုံလောက်မှုနှင့် ငွေဖြစ်လွယ်မှုစသည်တို့ကဲ့သို့သောအဓိကအချက်များကိုလည်းဂရုတစိုက်စောင့်ကြည့်လျက်ရှိပါသည်။ ထိုမျှမက စီမံခန့်ခွဲမှုအဖွဲ့သည် ဆုံးရှုံးနိုင်ခြေပမာဏကို သုံးသပ်တွက်ချက်ခြင်း၊ ယင်းတို့အားထိန်းချုပ်ရေးအစီအမံများကိုအကောင်အထည်ဖော်ခြင်းနှင့်ချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများအားလိုက်နာမှုရှိစေရန်ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကိုလည်းကြီးကြပ်ကွပ်ကဲပါသည်။ထို့အပြင်၎င်းတို့သည်ဘဏ်တွင်းကန့်သတ်ထိန်းချုပ်မှုနည်းလမ်းများကိုချမှတ်ခြင်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်သည့်ပုံစံများကို သတင်းပေးပို့ခြင်းဖြင့် အုပ်ချုပ်ရေးနှင့်လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ပါသည်။

စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့်ဘဏ်လုပ်ငန်းတွင် Customer များစိတ်ကျေနပ်မှုရရှိစေပြီး ဘဏ်လုပ်ငန်းတွင်ကျယ်စွာလည်ပတ်နိုင်ရန် ကော်မတီသည်နည်းပညာဆန်းသစ်တီထွင်မှုကိုအသုံးချ၍ Online Platform များ၊ Mobile Appများနှင့်အဆင့်မြင့်လုံခြုံရေးနည်းပညာများပေါင်းစပ်လုပ်ကိုင်ရန် စီမံခန့်ခွဲမှုအဖွဲ့သည်မရှိမဖြစ်လိုအပ်သောအခန်းကဏ္ဍမှပါဝင်ပါသည်။ ထို့အပြင်၎င်းတို့သည်ဘဏ်၏စီးပွားရေး တောင့်တင်းခိုင်မာမှုအတွက်စီမံခန့်ခွဲမှု မူဝါဒများချမှတ်ပြီး အမျိုးမျိုးသော Stakeholder များ၊ အစုရှယ်ယာရှင်များ၊ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့အစည်းများ၊ အများပြည်သူတို့နှင့် ဆက်သွယ်၍ ကောင်းမွန်သောဆက်ဆံရေးကိုကြိုးစား တည်ဆောက်လျက် ရှိပါသည်။

# စီမံခန့်ခွဲရေးအဖွဲ့



ဒေါ်ရှိချိုအေး
Interim Chief Executive Officer

ဒေါ်ခင်ချော့စုဝင်း
Chief Financial Officer

ဒေါ်မေသက်ကြင်
Chief Credit Officer

ဦးစိုးဝေနောင်
Chief Risk and Compliance Officer

ဒေါ်ခင်ဆွေဦး
Head of Internal Audit

ဦးမင်းဦး
Head of HR

Roman Pradhanang
Head of IT

Sunny Maharjan
Head of Operations

ဒေါ်မျိုးပပမိုး
Head of Centralize Operations and Control



ဦးစိုးအောင်
Head of Collection and Recovery

ဒေါ်အေးမို့မို့ထွန်း
Head of SME Banking

ဒေါ်သီရိမြတ်ဖြူဖြူ
Head of Consumer Banking

ဒေါ်မြတ်ဆုရည်သူ
Head of Branch Operation Support

ဦးသီဟန်ငြိမ်း
Head of Digital Business & Card Center

ဦးကျော်ကိုလင်း
Head of Credit Administration

ဒေါ်အေးချမ်းဖြူဖြူ
Head of Liability Management and Agency Banking

ဒေါ်ဖွေးနုအေး
Head of Treasury



ဦးလှဝင်းမြင့်
Head of General Service

ဦးအေးမင်းသိန်း
Associate Head of Corporate - Trade

ဒေါ်အင်ကြင်း
Associate Head of Corporate - Non Trade

ဦးသိန်းစိုးမြင့်
Acting Head of Forex and Trade Operation

ဒေါ်အိအိမိုး
Regional Head Region-1

ဦးထွန်းထွန်းလင်း
Regional Head Region-2

ဒေါ်လေးမိစံ
Regional Head Region-3

ဦးရန်နောင်
Regional Head Region-4

MCB ဘဏ်၏စီမံခန့်ခွဲရေးအဖွဲ့သည်ဘဏ်လုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက်နှင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ (Executive Management Committee – EMC) မှချမှတ်ထားသော ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ အဆိုပါအဖွဲ့ရှိ ခေါင်းဆောင်များသည် EMC ၏ မဟာဗျူဟာကျသော မျှော်မှန်းချက်များကို အောင်မြင်မှုရလဒ်များအဖြစ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခရာကျသူများဖြစ်ကြပါသည်။ ပထမဦးစွာ ၎င်းတို့သည် မဟာဗျူဟာမြောက် ပန်းတိုင်များ နှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန်၊ ဘဏ်၏ ရည်မှန်းချက်၊ မျှော်မှန်းချက်တို့ကိုနားလည်သဘောပေါက်စေရန်တာဝန်ရှိပြီးမိမိတို့၏ဌာနများကို ဤမဟာဗျူဟာမြောက်ရည်မှန်းချက်များနှင့်အညီ ဖြစ်စေရန် လမ်းညွှန်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့အပြင် မိမိတို့ဌာနအသီးသီးက ဘဏ်၏ အလုံးစုံသော ရည်မှန်းချက်ကိုပြည့်မီအောင် အတူတကွကြိုးပမ်းအားထုတ်ခြင်းခြင့်မဟာဗျူဟာကျသောလမ်းညွှန်ချက်များနှင့်နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများအကြားအဆင်ပြေချောမွေ့အောင်ညှိနှိုင်းဆောင်ရွက် ပေးသည့် အဖွဲ့တစ်ခုလည်း ဖြစ်ပါသည်။

ဒုတိယအနေဖြင့် စီမံခန့်ခွဲရေးအဖွဲ့သည် မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိက ပဲ့ကိုင်ရှင်များလည်းဖြစ်ကြပါသည်။ ၎င်းတို့သည် မဟာဗျူဟာမြောက်ပန်းတိုင်များကိုအကောင်အထည်ဖော်နိုင်မည့်အဆင့်အလိုက်တာဝန်များကိုလွှဲအပ်၍မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုတို့ကိုစီမံကွပ်ကဲကြပါသည်။ လမ်းညွှန်ချက်များကို ရှင်းလင်းစွာချမှတ်ခြင်း၊ ဦးစားပေးရမည့် ကိစ္စရပ်များကို သတ်မှတ်ခြင်းနှင့် အရင်းအမြစ်များ ခွဲဝေမှုကို စီမံခန့်ခွဲခြင်းစသည့် အရည်အချင်းများသည် EMC ၏ မဟာဗျူဟာမြောက် နည်းလမ်းများအား ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ပိုမိုမြင့်မားသောစွမ်းဆောင်ရည်တို့ကို မြှင့်တင်ရာတွင် မိမိတို့၏အဖွဲ့သားများကို ဦးဆောင်ရန်၊ အားပေးတိုက်တွန်းရန်နှင့် လမ်းညွှန်ပေးရန်အတွက်လည်းတာဝန်ရှိပါသည်။မဟာဗျူဟာများကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မိမိတို့၏အဖွဲ့သားများအား လိုအပ်သော ကျွမ်းကျင်မှုနှင့် အသိပညာများ မျှဝေပေးရန်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

# ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှု မူဘောင်

ဆုံးရှုံးနိုင်ခြေရှိမှုဆိုသည်မှာ ဘဏ်လုပ်ငန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ဘဏ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသည် ဆုံးရှုံးနိုင်ခြေဆိုင်ရာကိစ္စရပ်အမျိုးမျိုးအား စီမံခန့်ခွဲခြင်းနှင့် အဓိပ္ပါယ်ဆင်တူပါသည်။ အကျိုးသက်ရောက်မှုပမာဏနှင့် မတူညီသော ဆုံးရှုံးနိုင်ခြေ များ၏ အတိမ်အနက်သည်လည်း ကွဲပြားခြားနားပါသည်။ ကျွန်ုပ်တို့သည်နောက်ခံအကြောင်းအရာများနှင့် သက်ဆိုင်သော အချက်အလက်စာရွက်စာတမ်းများ၊ လက်ရှိရေပန်းစားနေသော ဈေးကွက်အနေအထားများ၊ ညွှန်းကိန်းများနှင့်အနာဂတ်တွင်ဖြစ်လာနိုင်ခြေရှိသည့် အဖြစ်အပျက်များပေါ်တွင် အခြေခံ၍ဆောင်ရွက်ထားသော လုပ်ဆောင်မှုအားလုံးတွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် အကျိုးသက်ရောက်မှုများကို ကြိုတင်မျှော်မှန်းတွက်ဆပြီး စိစစ်သုံးသပ်ရန်၊အဆိုပါ - အကျိုးသက်ရောက်မှုမှ ဖြစ်ပေါ်လာနိုင်သည့် အရေးပါမှုကိုခန့်မှန်းရန်နှင့်ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကိုလျှော့ချရန်နှင့် လျှော့ပါးသက်သာစေရန် အတွက်ဆုံးရှုံးနိုင်ခြေနှင့်လိုက်နာဆောင်ရွက်မှု စီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ထိန်းချုပ်နိုင်ရေး သတ်မှတ်ချက်များ (Parameters) ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ကြပါသည်။




## RISK AND COMPLIANCE MANAGEMENT

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB) ၏ Board of Directors နှင့် Management Team သည် ဘဏ်လုပ်ငန်းအားလုံးတွင် ဆုံးရှုံးနိုင်ခြေများရှိကြောင်း ကောင်းစွာနားလည်သဘောပေါက်ထားကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် MCB အနေဖြင့် ဘဏ်၏ဖွဲ့စည်းပုံတွင် ခိုင်မာသော Integrated Risk and Compliance Management Framework ကို ထည့်သွင်းထားပြီး မူဝါဒ (Policy)၊ လက်စွဲစာအုပ် (Manual)၊ လမ်းညွှန်ချက်များ (Guidelines)၊ Standard Operating Procedure (SOP) များ၊ စီမံခန့်ခွဲရေးဆိုင်ရာ TOR များနှင့် ဒါရိုက်တာအဖွဲ့အဆင့်ရှိ Risk Committee များကို ဖွဲ့စည်းထားရှိ၍ နေ့စဉ်စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာလုပ်ငန်းစဉ်များကို ထိရောက်စွာအကောင်အထည်ဖော်၍လိုက်နာကျင့်သုံးလျက်ရှိပါသည်။

ဘဏ်၏ ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှုအားလုံးအတွက် MCB တွင် အဓိက ဆုံးရှုံးနိုင်ခြေအမျိုးအစား (၅) ခုအား သတ်မှတ်ထားပါသည်။ ၎င်းတို့မှာ Credit Risk ၊ Operations Risk ၊ Market & Liquidity Risk ၊ IT & Cyber Risk နှင့် Compliance Risk တို့ဖြစ်ကြသည်။ ထို့အပြင် Integrated Risk and Compliance Department (IRCD) အောက်တွင် Credit Risk Management Unit ၊ Operations Risk Management Unit ၊ Market & Liquidity Risk Management Unit ၊ IT & Cyber Risk Management Unit များနှင့် Compliance and Governance Department စသည့် မတူညီသော Risk and Compliance Management Department များ၊ Unit များ စုစုပေါင်း (၅) ခုကိုလည်းဖွဲ့စည်းထားပါသည်။ ဤလုပ်ငန်းဆောင်တာများအားလုံးအား Chief Risk & Compliance Officer (CRCO) က ဦးဆောင်ပါသည်။ ၎င်း၏အဓိက လုပ်ငန်းဆောင်တာများမှာသက်ဆိုင်ရာနယ်ပယ်များအလိုက်ဆုံးရှုံးနိုင်ခြေများကိုခွဲခြားသတ်မှတ်ခြင်း၊စောင့်ကြည့်ခြင်း၊စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် တိုင်းတာစစ်ဆေးခြင်းတို့ဖြစ်ကြပြီး ဘဏ်အား ထိခိုက်နစ်နာစေနိုင်မည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ကျရောက်ခြင်းမှ ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုအလုံးစုံကို လျှော့ချရန် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးနည်းလမ်းများအားလုံးအတွက် ထိန်းချုပ်မှုအစီအမံများနှင့် လျှော့ပါးသက်သာစေရေးကို လည်း ထပ်မံအကြံပြုရမည်ဖြစ်ပါသည်။

MCB သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော နိုင်ငံအတွင်းကျင့်သုံးရမည့် မူဝါဒများ၊ စည်းမျဉ်းများ၊ ဥပဒေအမျိုးမျိုးနှင့် နိုင်ငံတကာမှ လက်ခံထားသောဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအလေ့အကျင့်များကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် အငြင်းပွားမှုများကိုရှောင်ရှားရန်နှင့် Risk and Compliance Manager များ/ Integrated Risk and Compliance Department များက သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကောင်းမွန်သော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့်အညီ Risk Unit Head များအားလုံးသည် CRCO ထံသို့ သတင်းပေးပို့ရမည်ဖြစ်ပြီးအဆိုပါ CRCO သည်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့်လိုက်နာဆောင်ရွက်ရေးဘုတ်အဖွဲ့ကော်မတီ (BIRCC) ထံသို့တိုက်ရိုက်သတင်းပေးပို့အစီရင်ခံရမည်။ CRCO နှင့် သို့မဟုတ် Risk and Compliance Manager များသည် CEO ၊ Senior Executive များနှင့် သို့မဟုတ် အခြား HOD များနှင့်လည်း လုပ်ငန်းကိစ္စများကို အတူတကွပူးတွဲလုပ်ဆောင်ကြပါသည်။ CRCO အနေဖြင့် Board Level Committee ထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြခြင်းက လုပ်ငန်းတာဝန်များ ရှုပ်ထွေးစေခြင်းနှင့် သို့မဟုတ် မလိုလားအပ်သောအနှောင့်အယှက် သို့မဟုတ် အခက်အခဲများဖြစ်ပေါ်ခြင်းမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ပြီး Integrated Risk and Compliance Department ကလည်း ဖြစ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့်လိုက်နာဆောင်ရွက်ရေးဘုတ်အဖွဲ့ကော်မတီ (BIRCC) သို့ သီးခြားလွတ်လပ်စွာ အစီရင်ခံတင်ပြနိုင်၍ Integrated Risk and Compliance Department သည် လွတ်လပ်စွာရပ်တည်နိုင်သော ဌာနတစ်ခုဖြစ်ပါသည်။ ထို့အပြင် Board of Directors များသည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ၊ ဆုံးရှုံးနိုင်မှုများကို သတင်းပေးပို့ခြင်း၊ ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များနှင့် ဆုံးရှုံးနိုင်ခြေရှိမှုတို့ကို လျော့ပါးသက်သာရန်နှင့်ထိန်းချုပ်ရန် ဆောင်ရွက်ချက်များအားလုံးကို BIRCC မှ တဆင့် ကြီးကြပ်ကွပ်ကဲမည်ဖြစ်ပါသည်။

MCB အနေဖြင့် ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာစီမံခန့်ခွဲခြင်းသည် Integrated Risk and Compliance Department/ Committee သို့မဟုတ် Risk and Compliance Manager များသာမက ဘဏ်တစ်ခုလုံးရှိ ဝန်ထမ်းများအားလုံး၏ လုပ်ငန်းတာဝန်များဖြစ်ကြောင်း MCB မှယုံကြည်လက်ခံထားပါသည်။ထို့ကြောင့် ဘဏ်၏အလုံးစုံသောဆုံးရှုံးနိုင်ခြေနှင့်လိုက်နာဆောင်ရွက်မှုဆိုင်ရာစီမံခန့်ခွဲမှုများအတွက် ဝန်ထမ်းအားလုံးတွင်တာဝန်ရှိကြောင်း နားလည်သဘောပေါက်ကြစေရန် အမြဲတမ်း ကြိုးပမ်း အားထုတ်လျက်ရှိပါသည်။

ယေဘုယျအားဖြင့် ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များ၊ မတော်တဆမှုများကိုတားဆီးရန်နှင့် ထိခိုက်နစ်နာမှုများကို စီမံခန့်ခွဲရန်၊ ထိန်းချုပ်ရန်နှင့် လျော့ပါးသက်သာစေရန်အတွက် MCB ဘဏ်တွင် ကောင်းစွာသင်ကြားလေ့ကျင့်ထားပြီးဖြစ်သော Integrated Risk and Compliance Management Framework တွင် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်နိုင်ရန်အတွက် Internal တွင် Line of Defense (၃) ခုနှင့် External တွင် Line of Defense (၁) ခုဟူ၍ စုစုပေါင်း (၄) ခုရှိပါသည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရာတွင် First Line of Defense အနေဖြင့် ပြင်ပ Customer နှင့်သော်လည်းကောင်း၊မိတ်ဖက်အဖွဲ့အစည်းများနှင့် သော်လည်းကောင်း တိုက်ရိုက်ဆက်ဆံပြောဆိုရသည့် Operations နှင့် Business Front နှစ်ခုစလုံးမှ Front Line Employee များနှင့် အခြား Executive များ၊Management Staff များဖြစ်ကြပြီး ၎င်းတို့၏ တာဝန်များမှာ ဘဏ်က ဝန်ဆောင်မှုပေးအပ်သည့် ငွေသွင်းငွေထုတ်ငွေလွှဲခြင်းများ သို့မဟုတ် လုပ်ဆောင်ချက်များအားလုံးတွင် ဆုံးရှုံးနိုင်မှုကို လျော့နည်းစေသည့် ဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်ထိရောက် အကျိုးရှိနိုင်စေရန်အတွက် ငွေသွင်းငွေထုတ်ငွေလွှဲခြင်းများ၊ သဘောတူဆောင်ရွက်ချက်များ၊ စေ့စပ်ညှိနှိုင်းခြင်း၊ အတည်ပြုခြင်းများ၊ SOP များ၊ မူဝါဒ၊ Manual များ၊ လမ်းညွှန်ချက်များစသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ Second Line of Defense အနေဖြင့် Integrated Risk and Compliance Management Unit များ/ Department များ၊ Risk and Compliance Manager များ၊ Integrated Risk and Compliance Committee များနှင့် Board of Directors များသည် ဆုံးရှုံးနိုင်ခြေရှိမှုများကို အမြဲတမ်း စောင့်ကြည့်၊ စိစစ်၊ အကဲဖြတ် သုံးသပ်၍ အမိပ္ပာယ်ဖွင့်ဆိုခြင်း၊ Risk Statement များကို ထုတ်ပြန်ခြင်း၊ ဆုံးရှုံးနိုင်ခြေလျော့ပါးသက်သာစေသည့် လုပ်ထုံးလုပ်နည်းများကို အကြံပြုခြင်း သို့မဟုတ်သတ်မှတ်ခြင်းတို့ကို ဆုံးရှုံးနိုင်သည့်အဖြစ်အပျက်များနှင့် သက်ရောက်မှုများကို တားဆီးရန် သို့မဟုတ် လျှော့ချရန်အတွက် တာဝန်ယူဆောင်ရွက်ကြပါသည်။ Third Line of Defense အနေဖြင့် တာဝန်ရှိသည့် ဌာနများမှာ Internal Audit Department နှင့် Compliance and Governance Department များဖြစ်ကြပြီး ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များနှင့် အကျိုးသက်ရောက်မှုများအားဆုံးရှုံးနိုင်ခြေရှိမှုကို အခြေခံ၍စာရင်းစစ်ဆေးခြင်းနှင့် Compliance နှင့် Governance ဆိုင်ရာစစ်ဆေးခြင်းမှတဆင့် စဉ်ဆက်မပြတ် စောင့်ကြည့်စိစစ်ထိန်းချုပ်၍ သတင်းပေးပို့ကြပါသည်။ MCB အနေဖြင့် Compliance နှင့် Governance ဆိုင်ရာ ကိစ္စရပ်များတွင်“Zero Tolerance Policy” ဖြင့်ဆောင်ရွက်ကြောင်း နားလည်ထားရမည်ဖြစ်ပါသည်။ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအဆင့်များအနက် ဘဏ်ပြင်ပလုပ်ငန်းများအတွက် တာဝန်ယူသောအဆင့်ဖြစ်သည့် Fourth Line of Defense တွင် ဘဏ်၏ အလုံးစုံသော ဆုံးရှုံးနိုင်မှုများကို လျော့ပါးသက်သာစေရန်အတွက် ဆုံးရှုံးနိုင်ခြေရှိမှုကို သတ်မှတ်အကဲဖြတ်ရာ၌ ကူညီဆောင်ရွက်ပေးသည့် External Audit နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အချိန်နှင့် တပြေးညီ စုံစမ်းစစ် ဆေးခြင်း/ စာရင်းစစ်ခြင်းနှင့် လမ်းညွှန်ချက်များပါဝင်ပါသည်။

ကောင်းစွာရေးဆွဲထားသော ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်ရေးစီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံ၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာ လုပ်ငန်းယန္တရားအတွင်း Functional Role နှင့်ဆက်စပ်သော ရှင်းလင်းစွာ ဖော်ပြထားမှုနှင့် Integrated Risk and Compliance Management Framework ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်မှုတို့နှင့်အတူ ကျွန်ုပ်တို့ တန်ဖိုးထားအပ်သော သုံးစွဲသူများ၊ ဥပဒေဆိုင်ရာ တာဝန်ရှိသူများနှင့် အခြားသော Stakeholder များက ကျွန်ုပ်တို့အပေါ်ယုံကြည်စွာ လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းကြောင့် ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲသည့်အလေ့အကျင့်များဖြင့် MCB သည် အကောင်းဆုံး စီမံခန့်ခွဲထားသောဘဏ်များထဲမှ ဘဏ်တစ်ခုအဖြစ် သတ်မှတ်ခံထားရပါသည်။

# လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေး

ဝန်ဆောင်မှုပေးအပ်သည့် လုပ်ငန်းနယ်ပယ်တွင် ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည့်အပြင် အဖွဲ့အစည်းတစ်ခု သည် ရေရှည်တည်တံ့၍ အောင်မြင်မှုများရရှိစေရန်အတွက် ထိုအဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ မျှော်မှန်းချက်တို့သည် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဌာနသည် စီမံကိန်းရေးဆွဲခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ဝန်ထမ်းတို့၏ကျွမ်းကျင်မှုကိုမြှင့်တင်ခြင်း၊ ဘဏ်ရှိလူ့စွမ်းအားအရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် စီမံခန့်ခွဲခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် ဘဏ်၏မျှော်မှန်းချက်တို့ကိုပြည့်မီအောင် ဆောင်ရွက်ရာတွင် အရေးပါသည့်ဌာနတစ်ခုလည်း ဖြစ်ပါသည်။

## လူ့စွမ်းအားအရင်းအမြစ် စီမံကိန်းရေးဆွဲခြင်းနှင့် စုဆောင်းခြင်း

လူ့စွမ်းအားအရင်းအမြစ်ဌာနသည် မြန်မာနိုင်ငံသားများဘဏ်အတွက် လိုအပ်သော ရာထူးများအတွက် အရည်အချင်းပြည့်ဝ၍ လုပ်ငန်းခွင်နှင့်ကိုက်ညီသော ဝန်ထမ်းများအား အချိန်နှင့်တပြေးညီ ရွေးချယ်ဖြည့်တင်းပေးလျက်ရှိပါသည်။ ထိုသို့ ရွေးချယ်ခံထားခြင်းများအား ရေရှည် အစီအစဉ်များချမှတ်၍ ဘဏ်၏ ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင် လူ့စွမ်းအားအရင်းအမြစ်ဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။









## မတူကွဲပြားမှုနှင့် ပေါင်းစပ်ပါဝင်မှု (Diversity & Inclusion)

ကျွန်ုပ်တို့မြန်မာနိုင်ငံသားများဘဏ်တွင် မည်သည့်ဝန်ထမ်းတစ်ဦးတစ်ယောက်မဆို လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မရွေး ခွဲခြားဆက်ဆံခံရခြင်းမရှိစေဘဲ ဝန်ထမ်းတိုင်းအပေါ်တန်ဖိုးထားဆက်ဆံခြင်း၊ တန်းတူညီမျှအခွင့်အလမ်းများ ပေးအပ်ခြင်း နှင့် ဘက်မလိုက်သောလုပ်ငန်းခွင်တစ်ခု ဖန်တီးပေးခြင်းဖြင့် ဝန်ထမ်းတိုင်း၏ မတူကွဲပြားခြင်းနှင့် ပေါင်းစပ်ပါဝင်မှုကို အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

## လူငယ်လေ့ကျင့်ရေး နှင့် ဖွံ့ဖြိုးရေးစီမံဆောင်ရွက်ချက်များ

ကျွန်ုပ်တို့သည် လုပ်ငန်းအတွေ့အကြုံမရှိသေးသော ကျောင်းသားများအတွက် အခြေခံဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာများ တိုးတက်မြင့်မားစေရေးနှင့် အလားအလာရှိသော ဝန်ထမ်းများ ပိုမိုများပြားစေရေးတို့အတွက် ပုဂ္ဂလိကကျောင်းများ၊ အစိုးရကျောင်းများတွင် ဟောပြောပွဲများ၊ အလုပ်အကိုင်ပြပွဲများ ကျင်းပပြုလုပ်ပေးပါသည်။ ထို့အပြင် ပညာသင်ကြားနေဆဲ ကျောင်းသား/သူများအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ လက်တွေ့လေ့လာခွင့်ရစေရန် အလုပ်သင်အတွေ့အကြုံ (Internship Program)နှင့် ကျောင်းပြီးခါစလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ခု ဖန်တီးပုံဖော်ပေးရန် Management Trainee Program ကိုလည်း ပံ့ပိုးပေးအပ်လျက်ရှိပါသည်။ စိစစ်ရွေးချယ်ထားသော လူငယ်လူရွယ်များအား အမျိုးမျိုးသောလေ့ကျင့်သင်ကြားမှုများ ပေးအပ်ကာ မြန်မာနိုင်ငံသားများဘဏ်၏ အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုနှစ်တွင် သင်တန်းသား (၁၂) ဦးပါဝင်သည့် Management Trainee Program Batch -1 သည် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီး သက်ဆိုင်ရာလုပ်ငန်းခွင်အတွင်း Management Level ၌တာဝန်အသီးသီးကို ဆောင်ရွက်လျက်ရှိနေပါသည်။

## သင်ကြားရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍ

ကျွန်ုပ်တို့သည်ဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့်လုပ်ငန်းတာဝန်ဝတ္တရားများကိုပိုမိုထမ်းဆောင်နိုင်စေရေးတို့အတွက်ဘဏ်တွင်း၊ ဘဏ်ပြင်ပ ကျွမ်းကျင်သူဆရာများဖြင့် သင်ကြားပို့ချပေးခြင်းများ ပြုလုပ်ပြီး ဝန်ထမ်းတိုင်းက လေ့ကျင့်သင်ယူနိုင်သည့် လုပ်ငန်းခွင်တစ်ခုကို ဖန်တီးဖော်ဆောင်ထားပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိဝန်ထမ်းများကို တိုးတက်အောင်မြင်မှုများ ရရှိစေပြီး မိမိတို့ဘဏ်အတွက် ဝန်ထမ်းကောင်းများကိုလည်း ပိုမိုမွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၃ - ၂၀၂၄ ခုနှစ်အတွင်း ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်မှုများ တိုးတက်လာစေရန်အတွက် ဘဏ်ထုတ်ကုန်နှင့်ဝန်ဆောင်မှုသင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများ၊ ဘဏ်၏ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်သင်တန်းများ၊ ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာကျင့်သုံးခြင်းဆိုင်ရာ သင်တန်းများအပြင် အခြားသောကျင့်ဝတ်ဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးသင်တန်းများအား ပို့ချသင်ကြားလျက်ရှိပြီး သင်တန်းအမျိုးမျိုးကို စုစုပေါင်း (၂၁၁) ကြိမ် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။





















## လုပ်ငန်းစွမ်းဆောင်ရည် စီမံခန့်ခွဲမှုအစီအစဉ်

လူ့စွမ်းအားအရင်းအမြစ်ဌာနသည် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များအား ထိရောက်စွာ တိုင်းတာနိုင်ရန်အတွက် Department နှင့် ဝန်ထမ်းတစ်ဦးချင်းစီအလိုက် အဓိကလုပ်ငန်း စွမ်းဆောင်ရည်အား တိုင်းတာမှုစနစ် (Key Performance Indicator - KPI) များ ချမှတ်တိုင်းတာခြင်း၊ လုပ်ငန်း စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်စစ်ဆေးခြင်းဖြင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းစွမ်းဆောင်ရည်များအား တိုင်းတာခြင်း၊ သက်ဆိုင်ရာ Head of Department များ၊ Regional Head များ၊ ဘဏ်ခွဲတာဝန်ခံများမှ လုပ်ငန်းစွမ်းဆောင်ရည်များအား ကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဝန်ထမ်းများ ၏ စိတ်ဓါတ်မြှင့်တင်ရေးအစီအစဉ်

မြန်မာနိုင်ငံသားများဘဏ်ရှိဝန်ထမ်းများ လုပ်ငန်းခွင်အပေါ် ပျော်ရွှင်ပြီး စိတ်အားထက်သန်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စိတ်ဓါတ်မြှင့်တင်ရေး အစီအစဉ်များ၊ Engagement programs များနှင့် ရာသီအခါသမယအမျိုးမျိုးတွင် အစီအစဉ်မျိုးစုံကိုလည်း ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ဘဏ်၏ ဝန်ထမ်းများသည် မိမိလုပ်ငန်းခွင်တွင် ပျော်ရွှင်စွာတာဝန်ထမ်းဆောင်၍ ၎င်းတို့၏ အလုပ်ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိနိုင်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဌာနမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

# ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းသည် ပြန်လည်သုံးသပ်သည့်ကာလအတွင်း များစွာတိုးတက်လာခဲ့သည်နှင့်အတူ ဘဏ်လုပ်ငန်းကဏ္ဍအပေါ်ပြည်သူများအနေဖြင့်လည်း တဖြည်းဖြည်းပြန်လည်ယုံကြည်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍နောင်လာမည့်နေ့ရက်များတွင်ပိုမိုအပြုသဘောဆောင်ပြီး စီးပွားရေးတိုးတက်ကောင်းမွန်သောပတ်ဝန်းကျင်တစ်ခုပေါ်ပေါက်လာစေရန် မျှော်မှန်းထားပြီးအနာဂတ်တွင်အလားတူသို့မဟုတ်ပိုမိုကောင်းမွန်သော လူမှုစီးပွားရေးပတ်ဝန်းကျင်တစ်ခုကိုဖော်ဆောင်ရန်Long-termနှင့်Mid-term မဟာဗျူဟာများအား ချမှတ်ခဲ့ပါသည်။

## 1

### လူ၊ လုပ်ငန်းစဉ်နှင့်စနစ် (PEOPLE, PROCESS, AND SYSTEM)

လူ၊ လုပ်ငန်းစဉ်နှင့် စနစ်တို့သည် ဘဏ်များကဲ့သို့သော ဝန်ဆောင်မှုပေးအပ်သည့် လုပ်ငန်း များအတွက် မရှိမဖြစ်အရေးပါပြီးလုပ်ငန်းအောင်မြင်စွာလည်ပတ်နိုင်ရေးအတွက် အခြေခံအုတ်မြစ်များလည်းဖြစ်ပါသည်။ MCBဘဏ်ရှိ ဘဏ်လုပ်ငန်းကျွမ်းကျင်ပညာရှင်များသည်လက်ရှိလုပ်ငန်းလိုအပ်ချက်နှင့် အနာဂတ်စီးပွားရေးလုပ်ငန်းချဲ့ထွင်မှုတို့ကိုဖြည့်ဆည်းရန်အတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေပါသည်။ ယေဘုယျအားဖြင့်မြန်မာနိုင်ငံတွင်ကျွမ်းကျင်သောလူစွမ်းအားအရင်းအမြစ်များရှားပါးလာသော်လည်း လက်ရှိဝန်ထမ်းများနှင့်အသစ်ခန့်အပ်လိုက်သည့်ဝန်ထမ်းများကိုလေ့ကျင့်သင်ကြားပေးပြီး တိုးတက်ပြောင်းလဲပေးနိုင်မည်ဟု ကျွန်ုပ်တို့အနေဖြင့်ယုံကြည်ပါသည်။သို့ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ်ကျွန်ုပ်တို့ဝန်ထမ်းများ၏အသိပညာဗဟုသုတနှင့်ကျွမ်းကျင်မှုတို့ကိုမြှင့်တင်ရန် အစီအစဉ်ကောင်းများစွာဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါသည်။ သင်ယူလေ့လာခြင်းသည် ရာထူးတာဝန်အဆင့်တိုင်းတွင်စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည့် MCB Culture တွင်လည်း ထည့်သွင်းရေးဆွဲ ထားပါသည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုထိရောက်စွာလုပ်ဆောင်နိုင်ရန် လုပ်ငန်းစဉ်များ(Processes)နှင့်ဘဏ်လုပ်ငန်း၏သတင်းအချက်အလက်နည်းပညာစသည်တို့ကို ကောင်းမွန်ပိုင်နိုင်စွာအသုံးချနိုင်မည့်စနစ် (System)တစ်ခုကို သတ်မှတ်ခြင်းဖြင့် စွမ်းဆောင်ရည်နှင့်အရည်အသွေးအားတိုးတက်စေရုံသာမက စီးပွားရေးနှင့်လုပ်ငန်းလည်ပတ်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကိုပါလျှော့ချနိုင်စေရန်၊ Customerများထံအရည်အသွေးပြည့်ဝသောဝန်ဆောင်မှုများပေးအပ်ရန် ရည်ရွယ်လျက် MCB ဘဏ်အနေဖြင့် အခြေခိုင်မာပြီးစဉ်ဆက်မပြတ်တိုးတက်အောင်မြင်နိုင်သည့် လူ၊ လုပ်ငန်းစဉ်၊ စနစ် (People, Process, System – PPS) ကို မဟာဗျူဟာတစ်ခုအဖြစ် ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

## 2

### အဆောက်အဦများ ပြုပြင်မွမ်းမံခြင်းနှင့် ဘဏ်အမှတ်တံဆိပ်အား လူသိများထင်ရှားစေခြင်း

ဘဏ်ခွဲများကို အထောက်အပံ့ကောင်းများပေးအပ်နိုင်ရေးနှင့် အဆောက်အဦများကိုအဆင့်မြှင့်တင်ရေးအတွက်ယခုနှစ်တွင်ဘဏ်ခွဲများကိုပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပြီး လိုအပ်သည့်အထောက်အပံ့များကိုလည်း ပေးအပ်ခဲ့ပါသည်။ အဆောက်အဦများကို ပြုပြင်မွမ်းမံမှုများပြုလုပ်ပြီးနောက် MCBဘဏ်ခွဲများအားလုံးတွင် ဘဏ်အမှတ်တံဆိပ်ကို လူသိများထင်ရှားစေရန် ယူနီဖောင်းများဝတ်ဆင်စေခြင်းဖြင့် ပြည်တွင်း၊ပြည်ပ Customer များကိုပိုမိုကောင်းမွန်ပြီးအဆင့်တန်း မြင့်မားသော ဝန်ဆောင်မှုများစွာ ပေးအပ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

## 3

### CUSTOMER များ၏ ဦးစားပေးရွေးချယ်မှုခံရသောဘဏ်ဖြစ်လာစေရေး

ကျွန်ုပ်တို့အနေဖြင့် " Customer များ၏ ဦးစားပေးရွေးချယ်မှုခံရသောဘဏ် " တစ်ခုဖြစ်လာစေရန် " Your Preferred Bank "ဟုသတ်မှတ်၍ စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထိုရည်မှန်းချက်နှင့်အတူ ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုကိုလည်း ခိုင်မာတောင့်တင်းစေခဲ့ပါသည်။ ထို့အပြင် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေးအပ်ရန်၊ စျေးနှုန်းသက်သာပြီး ရွေးချယ်မှုများပြားသော ထုတ်ကုန်နှင့်ဝန်ဆောင်မှုများပေးအပ်ရန်အတွက် အရင်းအမြစ်များပိုမိုစိုက်ထုတ်သွားမည်ဟုလည်းကတိကဝတ်ပြုပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ လူဦးရေအမြောက်အများကို ဝန်ဆောင်မှုပေးအပ်နိုင်ရန်ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ရုံသာမက ဒီဂျစ်တယ်နည်းဖြင့်ပါဝန်ဆောင်မှုပိုမိုပေးအပ်လျက်ရှိပါသည်။ စင်စစ်အားဖြင့် ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ ကဏ္ဍမျိုးစုံရှိ Customer များအတွက် ပြီးပြည့်စုံသော ဘဏ္ဍာရေးဆိုင်ရာကူညီဖြေရှင်းပေးနိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်လာရန်ပင် ဖြစ်ပါသည်။

# ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

4

## အစီအစဉ်များ ပြန်လည်ရေးဆွဲခြင်းနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်း

ကျွန်ုပ်တို့အနေဖြင့် ဘဏ်လုပ်ငန်းအားစဉ်ဆက်မပြတ်တိုးတက်အောင်မြင်ရေးအတွက် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို ပြန်လည်စိစစ်၍ ဘဏ်၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်နည်းပညာ၊ စနစ်များ၊ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများအတွက်စီးပွားရေးနှင့်ပတ်သက်သည့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သင့်လျော်သောမူဝါဒများ/လက်စွဲစာစောင်များ/လမ်းညွှန်ချက်များ/ SOP များကိုပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့်အကောင်အထည်ဖော်ခြင်းတို့ဆောင်ရွက်ခြင်းဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များအတွက်မဟာဗျူဟာကျကျဆောင်ရွက်ထားရှိခဲ့သည့်အပြင် ကျွန်ုပ်တို့၏လုပ်ငန်းစဉ်တိုးတက်အောင်မြင်ရေးအတွက် နည်းပညာကိုအသုံးချဆောင်ရွက်လျက်ရှိပါသည်။ဘဏ်များသည် လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရန်၊ စီးပွားရေးအချက်အလက်များ ခွဲခြမ်းစိတ်ဖြာရန်၊ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့် MIS ပြုလုပ်ရန်အတွက်သာမက Customer များစိတ်ကျေနပ်မှုရရှိစေရန်အတွက်ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်းကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ MCB ဘဏ်အနေဖြင့်လည်း နည်းပညာကို အဓိကထားအသုံးပြုနေသော ဘဏ်တစ်ခုအဖြစ် လူအများသိရှိလာစေရန်အတွက် ရည်မှန်းထားပြီး ၎င်းရည်မှန်းချက်ကိုလက်တွေ့အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများ၊မဟာဗျူဟာများချမှတ်၍ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

5

## ချက်လက်မှတ်နှင့်ငွေသားနှစ်မျိုးလုံးပါရှိသော ဘဏ်အပ်နှံငွေစာရင်းအား စီမံခန့်ခွဲခြင်း

MCB ဘဏ်အနေဖြင့်ဘဏ်အပ်နှံငွေများပိုမိုတိုးတက်လာမှုနှင့်အတူ စိတ်ချယုံကြည်ရပြီးကောင်းမွန်သော အပ်နှံငွေအရင်း အမြစ်တစ်ခုကိုဖန်တီးရန်မဟာဗျူဟာများချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ Customer များအတွက် အကောင်းဆုံးဝန်ဆောင်မှုများ၊ အပ်နှံငွေအပေါ်အတိုးပေးငွေများကိုလည်း ပေးအပ်လျက်ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် မျှော်မှန်းထားသည့် တိုးတက်အောင်မြင်မှုများရရှိရေး၊ အပ်နှံငွေအပေါ်အတိုးပေးငွေများကို စီမံခန့်ခွဲရေးနှင့် ငွေဖြစ်လွယ်မှုကို လျှော့ချရေးစသည်တို့နှင့်အညီ ဝန်ဆောင်မှုများကိုပေးအပ်သွားမည်ဖြစ်ပါသည်။

6

## ချေးငွေပေါင်းစပ်ခြင်း

MCB ဘဏ်၏ ချေးငွေများ၊ ကြိုတင်ငွေကဏ္ဍနှင့်စပ်လျဉ်း၍ထိရောက်စွာစီမံခန့်ခွဲ လျက် ကော်ပိုရိတ်ကဏ္ဍ (Corporate Segment)၊ အသေးစားနှင့် အလတ်စားစီးပွားရေးကဏ္ဍ(SME Segment)နှင့် သုံးစွဲသူကဏ္ဍ (Consumer Segment)များသို့ အကောင်းဆုံးချေးငွေအမျိုးအစားများကို သက်ဆိုင်ရာနယ်ပယ်အလိုက် ပေးအပ်သွားရန် မဟာဗျူဟာချစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ကျွန်ုပ်တို့အနေဖြင့်အဝေးပြေးလမ်းဖောက်လုပ်ခြင်း၊ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးခြံများ၊ ကော်ပိုရိတ်ကြီးများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့်ထွန်းသစ်စ eMSME လုပ်ငန်းများကဲ့သို့ကြီးမားသောအခြေခံ အဆောက်အဦစီမံကိန်း အမျိုးမျိုးအား ငွေကြေးထောက်ပံ့ရန် ချေးငွေ Portfolio များကို ခွဲခြားသတ်မှတ်ထားပါသည်။

7

## အကောင်းမွန်ဆုံးဝန်ဆောင်မှုပေးစွမ်းသူ

MCB ဘဏ်၏အဓိကအရေးကြီးဆုံးဦးစားပေးကဏ္ဍဖြစ်သည့် Customerများကိုအကောင်းဆုံးဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရေးအတွက် ဝန်ထမ်းများ၏အရည်အသွေးတို့ကို စောင့်ကြည့်စစ်ဆေးခြင်းအပေါ် အဓိကထားအခြေခံထားသည့် Customer Service Excellence Guideline တစ်ခုအား စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် Customer များအား "Service Excellency"ဖြင့် ထိရောက်သောဝန်ဆောင်မှုများပေးအပ်နိုင်ရန်ရည်ရွယ်ထားပါသည်။ ကျွန်ုပ်တို့၏ဝန်ဆောင်မှုများအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုစေပြီးCustomerများအဆင်ပြေချောမွေ့မှုရရှိစေရေးကိုသာအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

8

## CUSTOMER ကိုဗဟိုပြုသည့်လုပ်ဆောင်ချက်များ

ဘဏ်အပေါ် Customer ၏ ယုံကြည်အပ်နှံမှုသည် အရေးကြီးဆုံးဖြစ်သည့်အလျောက် MCB ဘဏ်၏ ဦးစားပေးအချက်မှာလည်း ဘဏ်နှင့်၊ ငွေရေးကြေးရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ Customer ကို ဗဟိုပြုသည့်လုပ်ဆောင်ချက်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဘဏ်၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းလည်ပတ်မှုများအားလုံးကို Customer များစိတ်ကျေနပ်မှုရရှိစေရန်နှင့် ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

9

## ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအလေ့အထ

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုသည်မှာ ဘဏ်လုပ်ငန်း၏မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သင့်လျော်သည့်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲသည့်အလေ့အထဖြင့် စဉ်ဆက်မပြတ်အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် ကျွန်ုပ်တို့၏ Risk Management Framework & Policy တို့ကို ရေးဆွဲပြီး ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ တိုင်းတာစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်ခြင်းတို့နှင့်ပတ်သက်၍ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များကို အသိပညာမျှဝေ ပေးလျက်ရှိပါသည်။ အဆိုပါ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအလေ့အထကို Transaction များ မပြုလုပ်မီဖြစ်စေ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုမီဖြစ်စေ ရာထူးနေရာအဆင့်များအားလုံးတွင် လိုက်နာကျင့်သုံးလျက်ရှိပါသည်။

10

## လိုက်နာဆောင်ရွက်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာအယူအဆ

MCB ဘဏ်သည် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများကို "တိကျစွာလိုက်နာဆောင်ရွက်ခြင်းမူဝါဒ - Zero Tolerance Policy" နှင့်အညီ မိမိ၏လုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်များကို အမြင့်ဆုံးသောကော်ပိုရိတ်အုပ်ချုပ်မှုစံနှုန်းများ၊စီးပွားရေးကျင့်ဝတ်များ၊သမာသမတ်ကျပြီးဘက်မလိုက်သောဘဏ်လုပ်ငန်းစံနှုန်းများဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိပါသည်။

11

## စီးပွားရေးပုံစံနှင့်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ

MCB ဘဏ်အနေဖြင့် မိမိတို့၏ဘဏ်လုပ်ငန်းတွင် ရေရှည်အမြတ်အစွန်းများရရှိရေး Growth Strategy ကို ချမှတ်ဆောင်ရွက်နေပါသည်။ ယခုဘဏ္ဍာရေးနှစ်၏ ကနဦးကာလအတွင်း Risk Asset Portfolio အရည်အသွေးနှင့် အနည်းဆုံး Target များပြည့်မီစေရေးကို အလေးထား ဆောင်ရွက်နေပြီး ကျွန်ုပ်တို့၏ စံချိန်စံနှုန်းများ၊တန်ဖိုးထားမှုများကို ပြည့်မီစေသည့် ဘဏ္ဍာရေးရည်မှန်းချက်ကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်ခွဲတိုင်းကို Profit Center တစ်ခုဖြစ်လာစေရန်နှင့်ဘဏ်ခွဲများအားလုံးတွင်လုပ်ငန်းများလည်ပတ်နိုင်ရေးအတွက်အရင်းအမြစ်များကိုထပ်မံဖြည့်သွင်းရန်လည်းဆောင်ရွက်လျက်ရှိပါသည်။

## Yangon Stock Exchange တွင် Share ရောင်းဝယ်မှုအခြေအနေ

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် (၂၆.၀၈.၂၀၁၆) ရက်နေ့တွင် Yangon Stock Exchange တွင် Listed Company အဖြစ်ဘဏ်၏အစုရှယ်ယာများကို စာရင်းတင် ရောင်းချခွင့်ရရှိခဲ့သော ပထမဆုံးသော ဘဏ်ဖြစ်ပါသည်။ ဈေးကွက်စတင်ဖွင့်လှစ်သည့်နေ့တွင် အခြေခံသတ်မှတ်ဈေးမှာ (၆,၈၀၀/-) ကျပ် သတ်မှတ်ခဲ့သော်လည်း ပေါက်ဈေးမှာ (၇,၈၀၀/-) ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အမြင့်ဆုံးရှယ်ယာဈေးနှုန်း (၁၃,၅၀၀/-) ကျပ် အထိ မြင့်တက်ခဲ့ပါသည်။ အရောင်းအဝယ်ပမာဏအားဖြင့် (၂၆.၀၈.၂၀၁၆) ရက်နေ့မှ (၃၀.၀၇.၂၀၂၄) ရက်နေ့အထိ စုစုပေါင်းရှယ်ယာအစုရေ (၁,၂၁၈,၇၅၅) နှင့် တန်ဖိုးကျပ် (၉,၆၄၉) သန်းအထိ အရောင်းအဝယ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးမှာ ရှယ်ယာတစ်ခုလျှင်ကျပ် (၈,၅၀၀/-) ဝန်းကျင်ခန့် ဖြစ်ပါသည်။




## လက်ရှိအစုရှယ်ယာပိုင်ဆိုင်မှုအခြေအနေ

- 11.80% — General Public
- 10.40% — Government
- 77.80% — Entrepreneurs

MINISTRY OF COMMERCE
THE REPUBLIC OF THE UNION OF MYANMAR

NEW GOLDEN GATE (1991) CO., LTD.
EXPORT & IMPORT

ATO
Ahtar Oo Co.,Ltd

Shwe Mè Logistics

CDSG
Capital Diamond Star Group

RGK+Z&A Group

GBS
YOUR GOOD BROTHER

FARMER PHOYAZAR

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## ထိပ်တန်း ရှယ်ယာရှင် (၂၀)ဦးစာရင်း ၂၀၂၃ - ၂၀၂၄

| စဉ် | ကုမ္ပဏီအမည် | ကုမ္ပဏီမှတ်ပုံတင် | ပိုင်ဆိုင်သည့် % |
|---|---|---|---|
| 1 | CAPITAL FINANCIAL HOLDING LTD | ၁၀၅၀/၂၀၁၅-၂၀၁၆(NPW) | ၂၂.၃% |
| 2 | CAPITAL DIAMOND STAR GROUP LTD | ၁၈၃၁/၂၀၁၂-၂၀၁၃ | ၁၅.၁% |
| 3 | DIAMOND STAR CO., LTD | ၁၆၅/၁၉၉၀-၁၉၉၁ | ၈.၉% |
| 4 | SHWE ME CO., LTD | ၁၃၇/၁၉၉၅-၁၉၉၆ | ၈.၀% |
| 5 | GOOD BROTHERS CO., LTD | ၁၂၁/၁၉၉၁-၁၉၉၂ | ၅.၇% |
| 6 | MINISTRY OF COMMERCE (MINISTER'S OFFICE) | | ၄.၈% |
| 7 | GOOD BROTHER MACHINERIES CO., LTD | ၄၂၇/၁၉၉၈-၁၉၉၉ | ၄.၁% |
| 8 | JDS CO., LTD | ၆၁၁/၁၉၉၈-၁၉၉၉ | ၃.၉% |
| 9 | PAC LINK TRADING LTD | ၅၉၇/၁၉၉၈-၁၉၉၉ | ၃.၇% |
| 10 | STAR UNION INVESTMENT LTD | ၇၀၉/၂၀၀၄-၂၀၀၅ | ၃.၅% |
| 11 | DEPARTMENT OF CONSUMER AFFAIRS | | ၃.၀% |
| 12 | DEPARTMENT OF TRADE | | ၂.၆% |
| 13. | FARMER PHOYARZAR CO., LTD | ၉၉၈/၁၉၉၉-၂၀၀၀ | ၂.၆% |
| 14 | YOUNG INVESTMENT GROUP CO., LTD | ၁၅၆/၂၀၀၅-၂၀၀၆ | ၂.၁% |
| 15 | VSK INTERNATIONAL CO., LTD | ၆၀၂/၁၉၉၈-၁၉၉၉ | ၂.၀% |
| 16 | AHTAR OO CO., LTD | ၅၇၈/၂၀၀၉-၂၀၁၀ | ၀.၆% |
| 17 | PRO 1 (MYANMAR) CO., LTD | ၂၃၃၈/၂၀၁၃-၂၀၁၄ | ၀.၆% |
| 18 | TUN THAW TAR TRADING CO., LTD | ၁၄၉/၁၉၉၈-၁၉၉၉ | ၀.၅% |
| 19 | FARMER PHOYARZAR GEMS CO., LTD | ၉၄၁/၂၀၁၄-၂၀၁၅ | ၀.၄% |
| 20 | FARMER PHOYARZAR MINING CO., LTD | ၁၄၇၁/၂၀၀၇-၂၀၀၈ | ၀.၄% |

# မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MCB ဘဏ်များ



### စစ်ကိုင်းတိုင်းဒေသကြီး
မုံရွာ ဘဏ်
ရွှေဘို ဘဏ်

### မကွေးတိုင်းဒေသကြီး
မကွေး ဘဏ်
ပခုက္ကူ ဘဏ်
အောင်လံ ဘဏ်
ရေစကြို ဘဏ်

### ရခိုင်ပြည်နယ်
စစ်တွေ ဘဏ်

### နေပြည်တော်
နေပြည်တော် ဘဏ်
နေပြည်တော် (မြို့မဈေးဘဏ်)

### ပဲခူးတိုင်း ဒေသကြီး
ပဲခူး ဘဏ်
ပြည် ဘဏ်
ညောင်လေးပင် ဘဏ်
တောင်ငူ ဘဏ်

### မန္တလေးတိုင်း ဒေသကြီး
မန္တလေး ဘဏ်(၁)
မန္တလေး ဘဏ်(၂)
မန္တလေး ဘဏ်(၃)
မန္တလေး ဘဏ်(၅)
မန္တလေး ဘဏ်(၆)
မန္တလေး ဘဏ်(၇)
ကျောက်ပန်းတောင်း ဘဏ်
မန္တလေးကျွဲဆည်ကန် ဘဏ်
မြင်းခြံ ဘဏ်
ပြင်ဦးလွင် ဘဏ်
ကျောက်ဆည် ဘဏ်
မိတ္ထီလာ ဘဏ်

### ဧရာဝတီတိုင်း ဒေသကြီး
ပုသိမ် ဘဏ်
မြောင်းမြ ဘဏ်
ဟင်္သာတ ဘဏ်
ဖျာပုံ ဘဏ်

### ကချင်ပြည်နယ်
မြစ်ကြီးနား ဘဏ်

### ရှမ်းပြည်နယ်
တောင်ကြီး ဘဏ်
မူဆယ် ဘဏ်
လားရှိုး ဘဏ်
တာချီလိတ် ဘဏ်

### ကရင်ပြည်နယ်
မြဝတီ ဘဏ်

### မွန်ပြည်နယ်
မော်လမြိုင် ဘဏ်

### တနင်္သာရီတိုင်းဒေသကြီး
မြိတ် ဘဏ်

### ရန်ကုန်တိုင်းဒေသကြီး
ကျောက်တံတား ဘဏ်
ကျောက်တံတား ဘဏ်(၂)
ဘုရင့်နောင် ဘဏ်
ဘုရင့်နောင် မီနီဘဏ်
လသာ ဘဏ်
ပုဇွန်တောင် ဘဏ်
ပန်းဘဲတန်း မီနီ ဘဏ်
ဒေါပုံ ဘဏ်
မြောက်ဥက္ကလာပ ဘဏ်
တောင်ဥက္ကလာပ ဘဏ်
စော်ဘွားကြီးကုန်း ဘဏ်
ဗိုလ်အောင်ကျော် ဘဏ်
ရေကျော် ဘဏ်
စမ်းချောင်း ဘဏ်
ကြည့်မြင်တိုင် ဘဏ်
ခရမ်းဘဏ်
ကမာကြည် ဘဏ်
ကမ္ဘာအေး ဘဏ်
သင်္ဃန်းကျွန်း ဘဏ်

**MCB ဘဏ်၏ အသစ်ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသည့် ဘဏ်များ**

- အောင်ပန်း ဘဏ်ခွဲ
- တောင်ဒဂုံ ဘဏ်ခွဲ
- လှိုင်သာယာ ဘဏ်ခွဲ

# Products and Services

## "Deposit Products"

MCB ဘဏ်၏ အဓိကဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများထဲမှ တစ်ခုဖြစ်သော Deposit Product များအား ကျွန်ုပ်တို့၏ တန်ဖိုးထားလေးစားရသော သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဆောင်ရွက်ထားရှိပါသည်။ ငွေစုဘဏ်စာရင်းများ (Savings Accounts)၊ ခေါ်ယူအပ်ငွေစာရင်းများ (Call Deposit Accounts)၊ စာရင်းရှင်ငွေစာရင်းများ (Current Accounts)၊ အချိန်ပိုင်းအပ်ငွေ စာရင်းများ (Fixed Deposit Accounts) နှင့် အဓိကငွေစာရင်း အမျိုးအစားများအောက်ရှိ ဝန်ဆောင်မှုအမျိုးမျိုးတို့ကို ပြည့်စုံစွာ ပံ့ပိုးဆောင်ရွက်ပေးထားပြီး Deposit Product များ၏ အမျိုးအစားသဘာဝအလိုက် အပ်နံကာလ သက်တမ်းတို့အပေါ်မူတည်၍ အတိုးနှုန်းများအား အချိန်နှင့်တပြေးညီထည့်သွင်းပေးပါသည်။ အပ်နံသူများစုဆောင်းထားသော စုဆောင်းငွေများပေါ်တွင် ပေးအပ်သော ကောင်းမွန်သည့် အတိုးနှုန်းများ၊ စိတ်ချရမှု၊ အာမခံပေးမှုနှင့် ငွေဖြစ်လွယ်မှုတို့သည် Deposit Account များအတွက် အဓိကလိုအပ်ချက်များ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ MCB ဘဏ်တွင် စုဆောင်းငွေများ အပ်နံထားသောသူများသည် ၎င်းတို့၏ အပ်ငွေပေါ်တွင် ပေးအပ်သော သင့်တင့်လျောက်ပတ်သည့် အတိုးနှုန်းများ၊ အပ်နံငွေများ၏ လုံခြုံစိတ်ချရမှု၊ ၎င်းတို့၏ အာမခံပစ္စည်းများနှင့် အပ်ငွေများကို လိုအပ်ချိန်တွင် လိုအပ်သလို ထုတ်ယူနိုင်ခြင်း စသည့် အကျိုးခံစားခွင့်များကို ရရှိခံစားနိုင်ပါသည်။




### ငွေစုဘဏ်စာရင်းများ (Savings Deposit Accounts)

၁။ ငွေစုဘဏ်စာရင်း
(Savings Deposit Account)

၂။ အထူးငွေစုဘဏ်စာရင်း
(Special Savings Deposit Account)

၃။ သက်ကြီးအထူးအပ်ငွေစာရင်း
(Senior Savings Deposit Account)

၄။ ငွေလွှဲစုငွေစာရင်း
(Remit Savings Account)

၅။ သင်္ဘောသားငွေစုစာရင်း
(Seafarer Savings Account)

၆။ လစာစုငွေစာရင်း
(Payroll Savings Account)

၇။ Youth Savings Account

၈။ Student Savings Account

၉။ Premium Special Savings

၁၀။ ပစ်တိုင်းထောင်ငွေစုအပ်ငွေစာရင်းများ
(Recurring Deposit Accounts)

### ခေါ်ယူအပ်ငွေစာရင်းများ (Call Deposits Accounts)

၁။ ပုံမှန်ခေါ်ယူအပ်ငွေစာရင်း
(Normal Call Deposit Account)

၂။ အထူးခေါ်ယူအပ်ငွေစာရင်း
(Special Call Deposit Account)

၃။ Flexi Call Deposit များ

### စာရင်းရှင်စာရင်းများ (Current Accounts)

၁။ ပုံမှန်စာရင်းရှင်စာရင်း (Normal Current Account)

၂။ အထူးစာရင်းရှင်စာရင်း (Special Current Account)

### အချိန်ပိုင်းအပ်ငွေစာရင်းများ (Fixed Deposits Accounts)

၁။ ပုံမှန်အချိန်ပိုင်းအပ်ငွေစာရင်း
(Normal Fixed Deposit Account)

၂။ အထူးအချိန်ပိုင်းအပ်ငွေစာရင်း
(Special Fixed Deposit Account)

# Products and Services

## "Consumer Banking"

MCB ဘဏ်အနေဖြင့် Customer များ၏ ငွေရေးကြေးရေးဆိုင်ရာလိုအပ်ချက်များ ပြည့်စုံဖူလုံမှုရှိစေနိုင်ရန် တမူထူးခြားသော Consumer Banking Service များကို ဝန်ဆောင်မှုပေးအပ်ရန် လုံ့လဝီရိယစိုက်ထုတ်ကြိုးပမ်းလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် Customer များ၏ ပြောင်းလဲတိုးတက်လာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ၎င်းတို့၏ ငွေရေးကြေးရေးရည်မှန်းချက်များအား စိတ်ချလုံခြုံမှုရှိအောင် ပံ့ပိုးကူညီပေးရန်အတွက် အမျိုးမျိုးသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ Consumer Banking ဝန်ဆောင်မှုများ တွင် အပ်ငွေအကောင့် အမျိုးမျိုး၊ ချေးငွေအမျိုးမျိုး၊ ဒစ်ဂျစ်တယ်ဘဏ်ဝန်ဆောင်မှု များနှင့် အာမခံ ဝန်ဆောင်မှုများ ပါဝင်နေပြီး လွယ်ကူစိတ်ချယုံကြည်မှုအပြည့်ဖြင့် အများထက်သာလွန်သော ပြန်အမ်းငွေများ ပေးအပ်ရန် ရည်ရွယ်ထားပါသည်။




### Home Loan

ပုံမှန်ဝင်ငွေရှိသော Customers များသည် နေထိုင်ရန်အတွက် မြေနေရာဝယ်ယူခြင်း သို့မဟုတ် မြေနှင့် အဆောက်အဦ ဝယ်ယူခြင်း သို့မဟုတ် အသင့်နေထိုင်နိုင်သော လုံးချင်းအိမ်များ၊ တိုက်ခန်းများ ဝယ်ယူခြင်းဖြင့် မိမိတို့၏အိပ်မက်များကို အကောင်အထည်ဖော်နိုင်ပါသည်။ ချေးငွေယူသူ များသည် EMI စနစ်ဖြင့် ချေးငွေကိုပြန်လည်ပေးဆပ်နိုင်ပါသည်။




### Personal Overdraft

Customer သည် အခြားတစ်နည်းနည်းဖြင့် ချေးငွေကို ရယူအသုံးပြုလိုပြီး ချေးငွေယူသူကလည်း ပြန်ဆပ်ပေးဆပ်နိုင်စွမ်းရှိလျှင် လူတစ်ဦးတစ်ယောက်ချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းနိုင်ရန်အတွက် Personal Overdraft Loan ကို ရယူနိုင် ပါသည်။ Personal Overdraft Loan ကို ရယူထားသော ချေးငွေယူသူများသည် တစ်နှစ်လျှင်တစ်ကြိမ် Overdraft ချေးငွေကို သက်တမ်း တိုးရမည်ဖြစ်ပြီး သက်တမ်းမတိုးမီ (၁၄) ရက်ခန့်ကြိုတင်၍ စာရင်းရှင်းလင်း ထားရမည်ဖြစ်ပါသည်။




### Hire Purchase

ကိုယ်ပိုင်ကား၊ လုပ်ငန်းသုံးအငှားယာဉ်များ၊ လုပ်ငန်းသုံးဘတ်စ်ကား သို့မဟုတ် ကုန်တင်ယာဉ်များ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးစက်ပစ္စည်းများ၊ အကြီးစားစက်ကိရိယာများအစရှိသည့် မော်တော်ယာဉ်အမျိုးမျိုးကို ဝယ်ယူလိုသူများအတွက် အရစ်ကျ ချေးငွေအမျိုးအစားကို ဘဏ်အနေဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။ ဘဏ်သည် အခြားမတူညီသော ပစ္စည်းအမျိုးအစား အလိုက် အရစ်ကျဝယ်ယူနိုင်သည့် ချေးငွေအမျိုးအစားကိုလည်း ပေးအပ်နေပါသည်။ ထို့အပြင် ဘဏ်သည် အသုံးပြုပြီး သားမော်တော်ယာဉ်များအတွက်လည်း အရစ်ကျဝယ်ယူနိုင်သည့် ချေးငွေအမျိုးအစားကို ပေးအပ်လျက်ရှိပါသည်။




### Education Loan

အရည်အသွေးမြင့် ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ Education Loan သည် ပြည်တွင်းပြည်ပရှိ တက္ကသိုလ်များတွင် ဆေးပညာ သို့မဟုတ် အင်ဂျင်နီယာဆိုင်ရာ မဟာဘွဲ့ သင်တန်းများ၊ ဘွဲ့ကြိုသင်တန်းများကို တက်ရောက်လိုသော ကျောင်းသား/ကျောင်းသူများ၏ ပညာရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပေးအပ်လျက်ရှိသော ဝန်ဆောင်မှုတစ်ခုဖြစ်ပါသည်။

# Products and Services

## "SME & Corporate Banking"

ကျွန်ုပ်တို့၏ MCB ဘဏ်သည် အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆန်းသစ်တီထွင်ရေးတို့အတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေကြောင်း သိရှိနားလည်ထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ SME နှင့် ကော်ပိုရိတ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည် ဤစီးပွားရေးလုပ်ငန်းများ၏ တမူထူးခြားသော လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အသေးစိတ် ဖန်တီးပုံဖော်ထားပြီး ပြီးပြည့်စုံမှုရှိသော ဘဏ္ဍာရေးဆိုင်ရာ ဖြေရှင်းချက်များ၊ ကျွမ်းကျင်သူများ၏ အကြံဉာဏ်များနှင့် ခေတ်မီ နည်းပညာများဖြင့် ဝန်ဆောင်မှုပေးအပ်လျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းများက ၎င်းတို့၏ ငွေရေးကြေးရေး စီမံခန့်ခွဲမှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်နိုင်ရန်နှင့် မဟာဗျူဟာမြောက် ရည်မှန်းချက်များကို ယုံကြည်မှုအပြည့်ဖြင့်အောင်မြင်မှုရရှိစေရန်အတွက် လွယ်ကူရိုးရှင်းသော Working Capital Loan များနှင့် Fixed Term Loan များမှသည် ပိုမိုကောင်းမွန်သော Trade Financing ၊ Cash Management နှင့် Digital Banking Solution များအထိ ဝန်ဆောင်မှုပေးအပ်လျက်ရှိပါသည်။




### eMSME Loan

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန်နှင့် အခြေခံလူတန်းစားအဆင့်၌ အများပြည်သူများ၏ ဘဏ္ဍာရေးအခြေအနေကို မြှင့်တင်ရန် အဓိကအချက်အဖြစ် လုသိများထင်ရှားလှပါသည်။ MCB ဘဏ်သည် eMSME Loan ဖြင့် လက်ရှိဆောင်ရွက်ဆဲနှင့် အသစ်ဆောင်ရွက်မည့်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးပေးပါသည်။




### JICA Two Step Loan

MCB ဘဏ်သည် JICA မှ ပေးအပ်သော ငွေကြေးအရင်းအနှီးများကို စုစည်းရန်အတွက် PMU ၏ မိတ်ဖက်ဘဏ္ဍာရေးအဖွဲ့အစည်းများအနက် တစ်ခုဖြစ်ပါသည်။ ဘဏ်သည် JICA Two Step Loan များကို ချေးငွေယူသူ များ၏ ထပ်တိုးပုံသေပိုင်ဆိုင်မှုများအတွက် ငွေကြေးလိုအပ်ချက်များ၏ ၈၀% နှင့် လုပ်ငန်းလည်ပတ်ငွေကြေး အရင်းအနှီး လိုအပ်ချက်များအတွက် ၂၀% အထိ ပေးအပ်လျက်ရှိပါသည်။ ချေးငွေပြန်လည်ပေးဆပ်သည့် ကာလမှာ စုစုပေါင်း (၅) နှစ်ဖြစ်ပြီး အတိုးနှုန်းမှာလည်း တစ်နှစ်လျှင် ၅.၅% ဖြင့် ထောက်ပံ့ပေးလျက် ရှိပါသည်။ ပြည်တွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များစွာတို့သည် စရိတ်သက်သာသော JICA Two Step Loan ကိုရယူထားကြပါသည်။




### Overdraft Loan

ဘဏ်သည် စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းလည်ပတ်အရင်းအနှီးလိုအပ်ချက်များ ပြည့်မီစေရန်အတွက် ဘဏ္ဍာငွေလိုအပ်သော ငွေချေးယူသူများအား Overdraft Loan ကို ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) ၏ ညွှန်ကြားချက်များနှင့်အညီ ဘဏ်သည် Overdraft Loan ပမာဏကို စုစုပေါင်းသတ်မှတ်ဘဏ်ချေးငွေ၏ ၂၀% အတွင်းသာ ထုတ်ချေးရန် ရည်ရွယ်ထားပါသည်။ Overdraft Loan ရယူထားသော ချေးငွေ ယူသူများသည် သက်တမ်းတိုးရန်အတွက် (၁၄) ရက်ခန့်ကြိုတင်၍ Overdraft Loan ကို စာရင်းရှင်းလင်းထားရ မည်ဖြစ်ပါသည်။




### Short-Term Loan

စီးပွားရေးလုပ်ငန်း၏ ငွေသွင်းငွေထုတ်ငွေလွှဲခြင်းအား အခြေခံထားသည့် ငွေရေးကြေးရေးလိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက်၊ ကျွန်ုပ်တို့သည် အခြေခံကုန်သွယ်ရေးဆိုင်ရာ ငွေသွင်းငွေထုတ်ငွေလွှဲခြင်းများနှင့် ယေဘုယျအားဖြင့် ဆက်စပ်နေသော Short-Term Loan များကို ပံ့ပိုးပေးပါသည်။ Short-Term Loan များကို ကာလတစ်ခုသတ်မှတ်ထားပြီး ကုန်သွယ်ရေးလုပ်ငန်းစဉ်ပြီးဆုံးသောအခါ အဆိုပါ Short-Term Loan ကို သဘောတူထားသည့်အတိုင်း ပြန်လည်ပေးဆပ်ရပါမည်။ ငွေသွင်းငွေထုတ်ငွေလွှဲခြင်းပြုလုပ်ရန် လိုအပ်မှု အပေါ်မူတည်၍ ဤချေးငွေအား ထပ်တလဲလဲပြန်လည်ထုတ်ယူအသုံးပြုနိုင်ပါသည်။

# Products and Services

“SME & Corporate Banking”









## Additional Short-Term Loan

ပုံမှန်လုပ်ငန်းလည်ပတ်ငွေကြေးအရင်းအနှီး လိုအပ်ချက်အပြင် စီးပွားရေးလုပ်ငန်းအချို့သည် လုပ်ငန်း ရာသီချိန်များအတွင်း လုပ်ငန်းလည်ပတ်ငွေကြေးအရင်းအနှီး ထပ်မံလိုအပ်ကြပါသည်။ MCB ဘဏ်သည် Additional Short-Term Loan များကို ထုတ်ပေးခြင်းဖြင့် အဆိုပါလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။ Additional Short-Term Loan ၏သက်တမ်းကာလသည် အများဆုံး ၆ လဖြစ်သည်။

## Term Loan

စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းအတွက် ပုံသေပိုင်ပစ္စည်းများ ထပ်မံပွားများတိုးချဲ့ရန် လိုအပ်လာသောအခါ စက်ရုံနှင့် စက်ပစ္စည်းများ ထပ်တိုးဖြည့်ဆည်းခြင်း၊ လုပ်ငန်း၏ မြေနှင့် အဆောက်အဦများ၊ လက်ရှိပုံသေပိုင်ပစ္စည်းများ၌ အရင်းအနှီး ပြန်လည်ထည့်သွင်းပေးခြင်း စသည်တို့ကဲ့သို့သော အရင်းအနှီးအသုံးစရိတ်များအား ငွေကြေးပံ့ပိုးပေးရန်အတွက် Term Loan ကို ဘဏ်မှထုတ်ချေးပေးပါသည်။ စီးပွားရေးလုပ်ငန်း၏ အမြဲတမ်းလိုအပ်နေသော လုပ်ငန်းလည်ပတ်ငွေကို ဖြည့်ဆည်းပေးရန်လည်း Term Loan ကို ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ Term Loan များကို ချေးငွေသက်တမ်း (၃)နှစ် အတွင်း ပြန်လည်ပေးဆပ်နိုင်ပါသည်။

## Loan against Fixed Deposits

အချိန်ပိုင်းအပ်ငွေစာရင်း ဖွင့်လှစ်ထားရှိသူများအနေဖြင့် ၎င်းတို့၏အချိန်ပိုင်းအပ်ငွေစာရင်း သက်တမ်းမစေ့မီ ငွေကြေးလိုအပ်ပါက ထိုအချိန်ပိုင်းအပ်ငွေစာရင်းတန်ဖိုး၏ ၈၀% အထိ ဘဏ်က ချေးငွေထုတ်ပေးလျက်ရှိပါသည်။ ထိုချေးငွေအမျိုးအစားတွင် ငွေအပ်နှံသူများသည် ငွေလိုအပ်နေချိန်၌ပင် မိမိတို့၏ အချိန်ပိုင်းအပ်ငွေစာရင်းမှ ငွေသားထုတ်ယူစရာမလိုသကဲ့သို့ အချိန်ပိုင်းအပ်ငွေစာရင်းများ၏ သက်တမ်းမှာလည်း ဆက်လက်၍ အကျိုးဝင်နေမည်ဖြစ်သည်။

## Loan against Government Bonds/Bills

အစိုးရငွေချေးစာချုပ်ဝယ်ယူထားသူများသည် အဆိုပါချေးငွေစာရွက်စာတမ်းများ သက်တမ်းမစေ့ရောက်မီ မိမိတို့၏ ငွေချေးစာချုပ်များကို ဘဏ်တွင်အာမခံထား၍ ချေးငွေရယူလိုပါက ဘဏ်သည် အဆိုပါ အစိုးရငွေချေးစာချုပ်တန်ဖိုး၏ ၈၀% အထိ ချေးငွေထုတ်ချေးလျက်ရှိပါသည်။ ထိုချေးငွေအမျိုးအစားတွင် အဆိုပါ Customer များသည် ငွေလိုအပ်နေချိန်၌ပင် အစိုးရငွေချေးစာချုပ်အား ရောင်းချစရာမလိုသကဲ့သို့ အဆိုပါအစိုးရငွေချေးစာချုပ်၏ သက်တမ်းမှာလည်း ဆက်လက်၍အကျိုးဝင်နေမည်ဖြစ်သည်။

## Bank Guarantees

စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်အရ ဘဏ်သည် Bid/ Bond ကဲ့သို့သော လေလံဆွဲခြင်းဆိုင်ရာ စာချုပ်များအတွက် Bank Guarantee များကိုဖြစ်စေ၊ အလုပ်ရှင်နှင့် ကန်ထရိုက်တာအကြား Performance Bond ကဲ့သို့ သဘောတူညီချက်များ ပြုလုပ်ချုပ်ဆိုရန်နှင့် အလုပ်ရှင်များထံမှ ကြိုတင်ငွေ၊ စုဆောင်းငွေများ ရယူရန်အတွက် Advance Payment Guarantee များကိုဖြစ်စေ ပေးအပ်လျက်ရှိပါသည်။ ထို့အပြင် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီများအတွက်လည်း Shipping Indemnity များကိုထုတ်ပေးလျက်ရှိပါသည်။

# Products and Services

## "SME & Corporate Banking"







### Letters of Credit

Letters of Credit သည် နိုင်ငံတကာကုန်သွယ်မှုတွင် ရေပန်းအစားဆုံး ငွေပေးချေမှုပုံစံများထဲမှ တစ်ခုဖြစ်သည်။ ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များက ကုန်ပစ္စည်းများတင်ပို့ပြီးနောက် ငွေပေးချေမှုများကိုလက်ခံရရှိစေရန်နှင့် သွင်းကုန်လုပ်ငန်းရှင်များက သဘောတူညီထားသည့်အတိုင်း ငွေပေးချေပြီးနောက် ကုန်ပစ္စည်းများကို လက်ခံရရှိစေရန်အတွက် လုံခြုံစိတ်ချရသော နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘဏ်များက အဆိုပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ကြားခံတစ်ခုဖြစ်ပြီး MCB ဘဏ်သည်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

### Import Financing

သွင်းကုန်များ အဆင်ပြေချောမွေ့စေရန်နှင့် ကုန်ပစ္စည်းများ လွယ်လင့်တကူရရှိနိုင်စေရန်အတွက် ဘဏ်သည် သွင်းကုန်စာရွက်စာတမ်း တန်ဖိုး၏ ၈၀% အထိထုတ်ချေးလျက်ရှိပြီး သက်တမ်းကာလမှာ အများဆုံး (၄) လ သို့မဟုတ် (၁၂၀)ရက်အထိဖြစ်စေ၊ Import Financing အတွက် လိုအပ်သည့် သက်တမ်းကာလအထိဖြစ်စေ၊ ယင်းတို့အနက် ပိုမိုတိုတောင်း သော သက်တမ်းကာလအတွက်ဖြစ်စေ သတ်မှတ်ထားရှိပါသည်။ ချေးငွေကို ကုန်စည်ရောင်းရငွေမှ ပြန်လည် ပေးဆပ်ရမည်ဖြစ်ပါသည်။

### Export Financing

နိုင်ငံ၏ ပို့ကုန်လုပ်ငန်းတိုးတက်လာစေရန်အတွက် ဘဏ်သည် Pre-shipment Loan သို့မဟုတ် Post-shipment Loan ပုံစံဖြင့် Export Bill ၏ ၈၀% အထိ လိုအပ်သလို ထောက်ပံ့ပေးလျက်ရှိပါသည်။ ချေးငွေကို သွင်းကုန်လုပ်ငန်းရှင်များထံမှ ရရှိသော ပို့ကုန်ရငွေများမှ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် (၃) လထက်နောက်မကျဘဲ ငွေပေးချေမှုပြုလုပ်ပြီးသည့်တိုင်အောင် Export Financing ကိုရယူနိုင်ပါ သည်။

## "Digital Banking"

MCB ဘဏ်သည် ကျွန်ုပ်တို့၏ Customer များအတွက် အဆင်ပြေမှု၊ လုံခြုံစိတ်ချရမှုနှင့် ထိရောက်အကျိုးရှိမှုတို့ ရရှိစေသည့် ဆန်းသစ်သော Digital Banking လုပ်ငန်းဆောင်ရွက်ချက်များအား ပံ့ပိုးပေးအပ်နေပါသည်။ Internet Banking၊ Mobile Banking၊ Card Payment နှင့် Wallet Payment များ ပါဝင်သည့် ကျွန်ုပ်တို့၏ Digital Banking Service များကို Customer တစ်ဦးတစ်ယောက်ချင်းစီနှင့် စီးပွားရေးလုပ်ငန်းများ၏ ပြောင်းလဲလာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် တီထွင်ဆောင်ရွက်ထားပြီး ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို အချိန်မရွေး၊ နေရာမရွေး လွယ်လင့်တကူရယူသုံးစွဲနိုင်ပါသည်။



# Products and Services




## Internet Banking

MCB ဘဏ်သည် Internet Banking Service ကို ၂၀၂၀ ခုနစ်တွင် စတင်မိတ်ဆက်ခဲ့၍ Customer များက မိမိတို့၏ ငွေစာရင်းများကို အချိန်ပြည့်ဝင်ရောက်ကြည့်ရှုနိုင်ပြီး Banking Transaction မျိုးစုံကို Online မှတဆင့် ဆောင်ရွက်နိုင်ကြပါသည်။ Customer များအား ငွေရေးကြေးရေးကိစ္စရပ်များကို မိမိတို့၏ နေအိမ်များ သို့မဟုတ် ရုံးခန်းများမှနေ၍ လွယ်လင့်တကူ စီမံခန့်ခွဲနိုင်စေပြီး ဤဝန်ဆောင်မှုကို ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စွာ အသုံးပြုနိုင်အောင် ဖန်တီးထားပါသည်။




## Mobile Banking

လျင်မြန်လွယ်ကူစွာ ဆောင်ရွက်လာနိုင်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၏ ကြီးထွားလာနေသော ဈေးကွက်တောင်းဆိုမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အနေဖြင့် MCB ဘဏ်သည် Mobile Banking App ကို ၂၀၂၀ ခုနစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ဤဝန်ဆောင်မှုသည် Customer များအား ၎င်းတို့၏ ငွေစာရင်းများကို တိုက်ရိုက်စီမံခန့်ခွဲရန်၊ ငွေကြေးလွှဲပြောင်းခြင်းနှင့် အခြားသောကိစ္စရပ်များကို မိုဘိုင်းဖုန်းများမှတဆင့် လွယ်ကူအဆင်ပြေ ချောမွေ့စွာ လုပ်ဆောင်နိုင်စေရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။




## Card Payment

၂၀၂၀ ခုနစ်တွင် MCB ဘဏ်သည် Card Payment ဝန်ဆောင်မှုများကို စတင်မိတ်ဆက် ပေးခဲ့ပါသည်။ MCB ၏ MPU JCB Co-Branded Card ကို အသုံးပြု၍ Customer များသည် ငွေပေးချေမှုများကို လွယ်လင့်တကူ ဆောင်ရွက်နိုင်ခြင်း၊ E-Commerce နှင့် Online Payment များအတွက် ငွေပေးချေခြင်း၊ ပြည်တွင်းပြည်ပရှိ ATM စက်များမှ ငွေသားများကို လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ခြင်း၊ Point of Sales (POS) ဝန်ဆောင်မှုများအား အသုံးပြုခြင်းအပြင် နိုင်ငံပေါင်း (၁၉၀) ကျော်တွင်လည်း အသုံးပြုနိုင်ပါသည်။




## Wallet Payment

ပိုမိုကောင်းမွန်၍ လွယ်ကူလျင်မြန်သော နည်းလမ်းများဖြင့် ငွေပေးချေနိုင်ရန်၊ အဆင်ပြေလွယ်ကူ ချောမွေ့ပြီး အကောင်းဆုံးသောဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်နှင့် ငွေပေးချေမှုပုံစံမျိုးစုံဖြင့် ငွေရေးကြေးရေးစီမံခန့်ခွဲနိုင်ရန်အတွက် ကောင်းမွန်သည့် ငွေကြေးဝန်ဆောင်မှုများကို ရရှိခံစားနိုင်စေရန် MCB ဘဏ်သည် Citizens Pay Application ကို ၂၀၂၁ ခုနစ်တွင် စတင်မိတ်ဆက်ပေးခဲ့ပြီး ၂၀၂၃ ခုနစ် ဒီဇင်ဘာလတွင် CTZ Pay အဖြစ်အမည်ပြောင်းလဲခဲ့ပါသည်။ အသုံးပြုသူများသည် Mobile Payment များ၊ Bill Payment များ၊ Fund Transfer နှင့် Merchant Payment အစရှိသော Transaction အမျိုးမျိုးကို ၎င်းတို့၏ မိုဘိုင်းဖုန်းများမှတဆင့် လွယ်ကူစွာ ဆောင်ရွက်နိုင် ပါသည်။

# Products and Services

## Business Partnerships




မိတ်ဖက်စီးပွားဆက်ဆံရေးသည် MCB ဘဏ်၏ စီးပွားရေးလုပ်ငန်းများတွင် အရေးကြီးသောကဏ္ဍ တစ်ခုအဖြစ် ပါဝင်ပါသည်။ MCB ဘဏ်သည် ဘဏ်လုပ်ငန်း တွင်သာမက အခြားကဏ္ဍအသီးသီးတွင် အပြန်အလှန် အကျိုးရှိသော မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘဏ်၏ Loyal Customer များအတွက် အကောင်းဆုံးသော ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။

ထို့အပြင် စဉ်ဆက်မပြတ် တိုးတက်အောင်မြင်မှု ရရှိလာစေရန်နှင့် အကောင်းဆုံး ဝန်ဆောင်မှုပေးအပ်ရန် အတွက် MCB ဘဏ်သည် မိတ်ဖက်အသစ်များနှင့် လက်တွဲ ပူးပေါင်း၍ ဘဏ်၏ Loyal Customer များအတွက် ဈေးဝယ်သည့်အခါ သတ်မှတ်ဈေးနှုန်းများထက် လျှော့ချ၍ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက် အကောင်းမွန်ဆုံး ဆောင်ရွက်ပေးထားပါသည်။ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် MCB ဘဏ်သည် အောက်ဖော်ပြပါကဏ္ဍများကို အဓိကဦးစားပေး၍ မိတ်ဖက် အသစ်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက် နေပါသည်။

- လက်လီအရောင်းဆိုင်များနှင့် Supermarket များ၊
- ထင်ရှားကျော်ကြားသော ပုဂ္ဂလိကတက္ကသိုလ်များ၊ သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်များနှင့် ဘာသာစကားသင်တန်းကျောင်းများ၊
- ဟိုတယ်များနှင့် ခရီးသွားလာရေးလုပ်ငန်းများ၊
- လူကြိုက်များသော စားသောက်ဆိုင်များ၊
- ကျန်းမာရေးစင်တာများ၊ ကိုယ်ကာယလေ့ကျင့်ရေးခန်းမ (Fitness Center) နှင့် အထူးကုဆေးရုံများ၊
- MCB ဘဏ်၏ VIP Customer များအတွက် Luxury Car Pick-Up Service များနှင့် ချိတ်ဆက်ထားပြီး ကျွန်ုပ်တို့၏ Loyal Customer များအား Premier Service များ ပေးအပ်လျက်ရှိပါသည်။

လက်ရှိအချိန်တွင် MCB ဘဏ်အနေဖြင့် ကျွန်ုပ်တို့၏ Loyal Customer များအား ဝန်ဆောင်မှုပေးအပ်နိုင်ရန် ရန်ကုန်မြို့ မန္တလေးမြို့နှင့် အခြားမြို့ကြီးများတွင် မိတ်ဖက်အဖွဲ့အစည်း စုစုပေါင်း ၄၀ ကျော်နှင့် ပူးပေါင်း ဆောင်ရွက်နေပါသည်။ နောင်လာမည့်နှစ်များတွင်လည်း MCB ဘဏ်သည် မိမိတို့၏ Partner Network အား ချဲ့ထွင်ရန် ရည်မှန်းထားပါသည်။ မိတ်ဖက်အသစ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် MCB ဘဏ်သည် စီးပွားရေးလုပ်ငန်းများ တိုးတက်လာနိုင်ခြင်း၊ သုံးစွဲသူများပိုမိုရရှိ လာနိုင်ခြင်းနှင့် ဝင်ငွေရရှိမည့်လမ်းကြောင်း ပိုများလာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ နောင်အနာဂတ်တွင် ဘဏ်အနေဖြင့် စီးပွားရေးမိတ်ဖက်များအား လုံးပါဝင်သည့် Discount အသင်းအဖွဲ့တစ်ခုကို ဖွဲ့စည်းတည်ထောင်ရန် စီစဉ်ထားပါသည်။

## Bancassurance

MCB ဘဏ်နှင့် ၎င်း၏မိတ်ဖက်အသက်အာမခံကုမ္ပဏီဖြစ်သော Capital Taiyo Life Insurance တို့သည် မိမိတို့၏ သုံးစွဲသူမိသားစုများက အနာဂတ်အ တွက် ကြိုတင်အစီအစဉ်များချမှတ်နိုင်စေရန်နှင့် ကျန်းမာရေး ဆိုင်ရာ အကူအညီများပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၁ ခုနှစ်တွင် အာမခံဝန်ဆောင်မှုအသစ်များ ကို စတင်မိတ်ဆက်ပေးခဲ့ပါသည်။ ဝယ်ယူနိုင်သည့် အာမခံအမျိုးအစားများမှာ -

- နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ (Short-Term Endowment Life Insurance)
- ကျန်းမာရေး အာမခံ (Health Insurance)
- ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ (Single Premium Credit Life Insurance)
- ကိုယ်အင်္ဂါထိခိုက်မှု အာမခံ (Personal Accident Insurance)
- ပညာရေးအသက်အာမခံ (Education Life Insurance)




အလားတူစွာပင် MCB ဘဏ်သည် GGI Tokyo Marine နှင့် ပူးပေါင်း၍ မိမိတို့၏ Credit Customer များနှင့် ပိုင်ဆိုင်ပစ္စည်းများ၏ ဆုံးရှုံးနိုင်ခြေရှိမှုကို ကာကွယ်ထားလိုသည့် သုံးစွဲသူများအတွက် Non-Life Bancassurance ကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

## International Money Transfer Services

ပြည်ပရောက်မြန်မာအလုပ်သမားများနှင့် မြန်မာနိုင်ငံသို့ ငွေလွှဲလိုသော သုံးစွဲသူများအတွက် ရည်ရွယ်၍ MCB ဘဏ် သည် Money Gram၊ Ria၊ Merchantrade၊ Queen Bee၊ DollarSmart၊ Thunes၊ Myanmar Remit အစရှိသည့် နိုင်ငံတကာ ငွေလွှဲကုမ္ပဏီများနှင့် ချိတ်ဆက်ထားပြီး နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ MCB ဘဏ်သည် မြန်မာနိုင်ငံသို့ နိုင်ငံရပ်ခြားမှ ငွေလွှဲပို့မှုများကို ပိုမိုကောင်းမွန် လွယ်ကူမြန်ဆန်စေရန်အတွက် အခြားသော နိုင်ငံတကာငွေလွှဲအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။



# FY-24 Financial Highlights

**Net Profit**
MMK 0.8 Billion
47.8% (YOY) ↓

**Total Assets**
MMK 981.5 Billion
50.6% pt ↑

**Operating Profit**
MMK 5.5 Billion
633.6% (YOY) ↑

**Non Performing Loan**
Ratio 4.7%
65.9% pt ↓

**Total Loan**
MMK 624.9 Billion
69.6% pt ↑

**Return on Equity**
1.04%
48.6% (YOY) ↓


**Total Deposit**
MMK 772.3 Billion
47.2% pt ↑

**Cost to Income Ratio**
79.5%
26.9% (YOY) ↓


**Net Profit After Tax (MMK in Million)**





**Assets (MMK in Million)**





**Return on Equity (ROE)**






**Return on Assets (ROA)**




# FY-24 Financial Highlights








## Customer Loan to Deposit Ratio (LDR)




# FY-24 Financial Highlights

## Cost to Income Ratio (CIR %)





## CASA Ratio





| | FY-20 | FY-21 | FY-22 | FY-23 | FY-24 |
|---|---|---|---|---|---|
| Current (MMK 'Mn) | 52,082 | 67,513 | 52,920 | 34,662 | 31,767 |
| Savings (MMK 'Mn) | 232,276 | 212,108 | 140,942 | 125,717 | 148,369 |
| Call (MMK 'Mn) | 29,492 | 80,188 | 143,187 | 182,445 | 302,644 |
| Time (MMK 'Mn) | 264,310 | 172,823 | 157,569 | 181,980 | 289,471 |
| CASA Ratio | 54.3% | 67.6% | 68.1% | 65.3% | 62.5% |

# FY-24 Financial Highlights


## NPL % and NPL Amount (MMK in million)




## Loan and Deposit Portfolio




| Loan (MMK'mil) | FY-24 | FY-23 | YoY(%) |
|---|---|---|---|
| Term Loan | 368,085 | 201,835 | 82% |
| Overdraft | 99,548 | 77,350 | 29% |
| SME | 46,119 | 36,215 | 27% |
| Trade Guarantee | 2 | 3 | -43% |
| HP & Other Consumer | 111,190 | 53,182 | 109% |
| **Total** | **624,944** | **368,585** | **69.6%** |




| Deposit (MMK'mil) | FY-24 | FY-23 | YoY(%) |
|---|---|---|---|
| Current | 31,767 | 34,662 | -8% |
| Savings | 148,369 | 125,717 | 18% |
| Time | 289,471 | 181,980 | 59% |
| Call | 302,644 | 182,445 | 66% |
| **Total** | **772,250** | **524,804** | **47.2%** |

# FY-24 Financial Highlights

## Statement of Financial Position As at 31 March 2024

| Statement of Financial Position | Notes | 31 - Mar - 24 | 31 - Mar - 23 |
|---|---|---|---|
| **Assets** | | | |
| Cash in hand and at bank | 6 | 174,700,418,012 | 112,129,923,757 |
| Loans & Overdrafts | 7 | 620,836,963,165 | 363,958,936,789 |
| Investments & T-bonds | 8 | 113,479,266,061 | 133,998,837,150 |
| Other assets | 9 | 50,332,253,680 | 20,306,804,705 |
| Property and equipment | 10 | 18,636,535,164 | 17,455,887,783 |
| Intangible Assets | 11 | 3,526,919,536 | 4,003,976,377 |
| **Total assets** | | **981,512,355,617** | **651,854,366,561** |
| **Liabilities** | | | |
| Deposits from customers | 12 | 772,250,031,441 | 524,804,236,285 |
| Other liabilities | 13 | 70,612,409,988 | 24,768,309,474 |
| Borrowings | 14 | 65,385,360,000 | 29,774,850,000 |
| **Total liabilities** | | **908,247,801,429** | **579,347,395,758** |
| **Equity** | | | |
| Issued & Paid up Capital | 15 | 57,124,662,800 | 57,124,662,800 |
| Reserves | 16 | 15,096,203,828 | 14,906,807,982 |
| Retained earning | | 1,043,687,560 | 475,500,021 |
| **Total equity** | | **73,264,554,188** | **72,506,970,802** |
| **Total liabilities and equity** | | **981,512,355,617** | **651,854,366,561** |

## Statement of Comprehensive Income For the Year Ended 31 March 2024

| Income Statement | Notes | 31 - Mar - 24 | 31- Mar - 23 |
|---|---|---|---|
| Interest income | 17 | 59,508,115,069 | 43,630,490,271 |
| Less-Interest expenses | 18 | (43,353,259,901) | (29,099,348,220) |
| **Net interest income** | | **16,154,855,167** | 14,531,142,052 |
| Net fee and commission income | 19 | 10,686,524,448 | 4,289,480,771 |
| Other operating income | 20 | 111,672,665 | (2,794,853,470) |
| | | **26,953,052,281** | 16,025,769,353 |
| Specific provision | | 519,500,196 | 4,633,145,101 |
| General provision | | (5,127,170,524) | (2,875,390,691) |
| **Income before operating expenses** | | **22,345,381,953** | 17,783,523,763 |
| Administration and general expenses | 21,22 | (19,232,451,750) | (15,028,488,157) |
| Depreciation and amortization | 10,11 | (2,205,226,586) | (2,030,845,875) |
| **Profit before income tax** | | **907,703,617** | 724,189,731 |
| Income tax expenses | 23 | (150,120,232) | 727,437,741 |
| **Profit for the year** | | **757,583,385** | 1,451,627,472 |
| Other comprehensive income | | - | - |
| **Total comprehensive income** | | **757,583,385** | 1,451,627,472 |

# Business Highlights



Thingangyun Branch Opening (March-2024)






MNA 75th Anniversary (September-2023)



Season of Love Campaign at Junction City (February-2024)



Technoland (August-2024)



Shin Rai International Vocational Institute (SRIVI) (June-2024)


SanChaung Capital (July-2024)







Meiktila Branch Opening (May-2024)

# Business Highlights



Kyaukpadaung Branch Opening (February-2024)


MST University (January-2024)


GSC Export (July-2024)



Myanmar Creative University x MCB (August-2024)


Rangoon International Higher Education Academy (March-2024)



Bancassurance Star Award Night (April-2024)








# Internal Activities Highlights



Strategy Conference: Transforming Plans into Actions



Credit Business Loan Training



Trade Finance Training



AML CFT Training



Strategy Alignment Workshop



Graduation Ceremony MT Batch-1



Blood Donation



Valentine's Day



Thingyan Party



Bancassurance Training



Christmas Carol Singing



Customer Appreciation Dinner



# ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း

ဘဏ်တွင်းစာရင်းစစ် (Internal Audit) သည် MCB ဘဏ်ရှိ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၏ Third Line of Defence အဖြစ် အရေးကြီးသော အခန်းကဏ္ဍ တစ်ခုမှ ပါဝင်ပါသည်။ Internal Audit ၏ လုပ်ငန်းဆောင်တာများကို ရည်ရွယ်ချက်အပြည့်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် Internal Audit Department သည် ဘုတ်အဖွဲ့အဆင့် စာရင်းစစ်ကော်မတီထံ တိုက်ရိုက်အစီရင်ခံတင်ပြပြီး စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကိစ္စများကို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ၎င်းသည် Internal Control System ၏ အဓိက Stakeholder အဖြစ် တာဝန်ယူထားပြီး တစ်ချိန်တည်းမှာပင် အစီရင်ခံတင်ပြရာတွင် Internal Audit ၏ ကျင့်ဝတ်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိပါသည်။

Internal Audit Department အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းဆောင်တာများကို စစ်ဆေးပြီး ဘဏ်တွင်း၊ ဘဏ်ပြင်ပ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိကိုလည်း စစ်ဆေးပါသည်။ ဖြစ်ပွားသည့်အကြောင်းအရင်း အပေါ်မူတည်၍ စစ်ဆေးတွေ့ရှိချက်များအပေါ်ပြန်လည်တည့်မတ်ပေးကာ လိုအပ်သည်များကို ဆောင်ရွက် ရန်အတွက် Head of Department အဆင့်ရှိ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ စာရင်းစစ်ဆေးခြင်းမှ အဓိကတွေ့ရှိချက်များနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို Management Audit Committee ၊ Board Audit Committee တို့နှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

(၂၀၂၃ - ၂၀၂၄) ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲ (၃၇) ခု၏ စာရင်းဌာန၊ ငွေကြေးဌာန၊ စီမံဌာနနှင့် ချေးငွေဌာန တို့အား စာရင်းစစ်ဆေးခြင်းပြုလုပ်ခဲ့ပါသည်။ အဆိုပါဘဏ်ခွဲများအား စစ်ဆေးခဲ့သည့် တွေ့ရှိချက်များ၊ ချို့ယွင်းချက်များအပေါ် ပြုပြင်ဆောင်ရွက်မှု အခြေအနေကို သက်ဆိုင်ရာလုပ်ငန်း၏ Head of Department များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်ပြင်ဆင်၍ Internal Audit Department မှ Follow up ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်ဘဏ်ခွဲ (၁၂) ခုအား On-Site Audit Procedure ဖြင့်လည်းကောင်း၊ နယ်ဘဏ်ခွဲ (၂၅) ခုအား Off-site Audit Procedure ကို အသုံးပြု၍ လည်းကောင်း စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ရုံးချုပ်ရှိဌာန (၇) ခုကိုလည်း On-Site Audit Procedure အသုံးပြု၍ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ဘဏ္ဍာနှစ်အတွင်းရှောင်တခင် ငွေကြေးရေတွက်စစ်ဆေးခြင်းအား ဘဏ်ခွဲ(၅)ခုနှင့် (၂၀၂၃ - ၂၀၂၄) ဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းပိတ် ငွေကြေးစစ်ဆေးခြင်းအား ဘဏ်ခွဲ (၅) ခုတို့တွင် ဆောင်ရွက်ခဲ့ပါသည်။

ပြန်လည်စိစစ်သုံးသပ်သည့်ကာလအတွင်း ရုံးချုပ်ရှိဌာနများနှင့် ဘဏ်ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တစ်နှစ်အတွင်း Audit Plan နှင့်အညီ စစ်ဆေးပြီး အကြံပြုချက်များလည်း ပေးအပ်ခဲ့ပါသည်။ (၂၀၂၃ - ၂၀၂၄) ဘဏ္ဍာနှစ်အတွင်း Board Audit Committee အစည်းအဝေးကို (၄) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၉) ကြိမ် ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၀၂၃ - ၂၀၂၄) ဘဏ္ဍာနှစ်၏ ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြီးကြပ်လျက်ရှိပြီး ပြင်ပစာရင်းစစ် V-Advisory Limited ကလည်း (၂၀၂၃ - ၂၀၂၄) ဘဏ္ဍာနှစ်၏ စာရင်းများကို စစ်ဆေးပြီးဖြစ်ပါသည်။ (၂၀၂၃ - ၂၀၂၄) ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းရှင်းတမ်းကိုလည်း ပူးတွဲတင်ပြထားပါသည်။

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
**၂၀၂၄ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်**

**ဒါရိုက်တာများ၏တင်ပြချက်**

ကျွန်ုပ်တို့ဒါရိုက်တာများ၏ ရေးသားတင်ပြချက်များအား ဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ အစုဝင်များသို့တင်ပြပါသည်။

**ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်**

ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၄ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ်၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ၄င်းနေ့ ကုန်ဆုံးသောနှစ်နှင့်ဆိုင်သော ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်းနှင့် ငွေသားစီးဆင်းမှုရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲထားပါသည်။ ဘဏ်သည် ပေးရန်ရှိသောအကြွေးများကို အချိန်စေ့ရောက်သောအခါ ပေးနိုင်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေရှိပါသည်။

**ဒါရိုက်တာများ**

ဘဏ်၏နာယကမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဖြစ်ပြီး ယခုတင်ပြချိန်၌ ရှိသော ဘဏ်၏ဒါရိုက်တာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးမင်းမင်း | ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ |
| ၂။ | ဦးတိုးအောင်မြင့် | ဒါရိုက်တာ |
| ၃။ | ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | ဒါရိုက်တာ |
| ၄။ | ဦးလှဦး | ဒါရိုက်တာ |
| ၅။ | ဦးထွန်းလွင် | ဒါရိုက်တာ |
| ၆။ | ဦးအုန်းဆိုင် | ဒါရိုက်တာ |
| ၇။ | ဒေါ်ခင်မာမြင့် | ဒါရိုက်တာ |
| ၈။ | ဦးအောင်အောင် | ဒါရိုက်တာ |
| ၉။ | ဦးအောင်စိုး | ဒါရိုက်တာ |
| ၁၀။ | ဦးငွေးချွန် | သီးခြားလွတ်လပ်သော ဒါရိုက်တာ |

**ဒါရိုက်တာများမှ အစုရှယ်ယာများနှင့် ငွေချေးစာချုပ်များအား ဝယ်ယူနိုင်သည့် အစီအစဉ်**

ဘဏ္ဍာရေးကာလအတွင်းတွင်ဖြစ်စေ ကာလကုန်သည့်အချိန်တွင်ဖြစ်စေ ဘဏ်၏ဒါရိုက်တာများမှ (သို့) ဘဏ်၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အစုရှယ်ယာများ၊ ငွေချေးစာချုပ်များအား ဝယ်ယူခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန် စီစဉ်ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါ။

**ရွေးပိုင်ခွင့်ရှိသောအစုရှယ်ယာများ**

ဘဏ်၏ မထုတ်ဝေရသေးသောရှယ်ယာများအား ဘဏ္ဍာရေးနှစ်အတွင်း Subscribe ပြုလုပ်ရန်အတွက် ရွေးပိုင်ခွင့်ပြုထားခြင်းမရှိပါ။

ဘဏ်၏မထုတ်ဝေရသေးသော ရှယ်ယာများကို Option နည်းလမ်းများဖြင့်ဝယ်ယူရန်အတွက် ဘဏ္ဍာရေးနှစ်အတွင်း မည်သည့်ရှယ်ယာမှ ထုတ်ဝေထားခြင်းမရှိပါ။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ဘဏ်မှ Option အနေဖြင့် မထုတ်ဝေရသေးသော အစုရှယ်ယာ မရှိပါ။

ဒါရိုက်တာများကိုယ်စား

တိုးအောင်မြင့်

ဒါရိုက်တာ

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ( ၂၅ ) ရက်

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

## အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့

## ဘဏ္ဍာရေးရှင်းတမ်းများအပေါ်စာရင်းစစ်ဆေးခြင်းအစီရင်ခံစာ

### ထင်မြင်ယူဆချက်

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၂၄ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း၊ အရေးပါသော စာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီမြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၂၄ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ထိုနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့်စပ်လျဉ်းသည့် ဖော်ပြချက်များအားလုံးသည် သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်တို့ ထင်မြင်ယူဆပါသည်။

### စာရင်းစစ်ထင်မြင်ယူဆချက်ပေါ်အခြေခံမှု

ကျွန်တော်တို့၏စာရင်းစစ်ဆေးခြင်းကို မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများအရ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ စာရင်းစစ်အစီရင်ခံစာတွင်ပါဝင်သော စာရင်းစစ်၏တာဝန်ဆိုသောအပိုဒ်တွင်လည်း ကျွန်တော်တို့၏ တာဝန်ဝတ္တရားများကိုစံများနှင့်အညီ ထပ်မံထည့်သွင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအရ ကျွန်တော်တို့သည် ဘဏ်များနှင့်မှီခိုမှုကင်းလွတ်ပြီး အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများကိုလည်း ပြည့်မီအောင် ဆောင်ရွက်ထားရှိပါသည်။ ကျွန်တော်တို့ ရရှိထားသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ အထောက်အထားများသည် ကျွန်တော်တို့အနေဖြင့် ထင်မြင်ယူဆချက်ပေးရန် အခြေခံကျ၍ သင့်လျော်မှုရှိပြီး ပြည့်စုံလုံလောက်သည်ဟု ယုံကြည်ပါသည်။

### အရေးပါသောစာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်

အရေးပါသော စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များဆိုသည်မှာ ကျွန်တော်များလက်ရှိစစ်ဆေးနေသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအပေါ်တွင် အရေးပါသောအချက်များဟု မိမိတို့၏အတတ်ပညာကျွမ်းကျင်မှုအရ ဆုံးဖြတ်ထားသည့် အချက်အလက်များပင် ဖြစ်ပါသည်။ ထိုကိစ္စရပ်များသည် ကျွန်တော်တို့၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအား စစ်ဆေးမှုတစ်ခုလုံးကိုဆိုလိုပြီး ယင်းပေါ်တွင်အခြေခံ၍ ကျွန်တော်တို့၏ ထင်မြင်ယူဆချက်များဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သီးခြားထင်မြင်ယူဆချက်များ ပေးသွားမည် မဟုတ်ပါ။

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

### အခြားသတင်းအချက်အလက်များ

အခြားသတင်းအချက်အလက် ဖော်ပြထားခြင်းများသည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ အဆိုပါ အခြားသတင်းအချက်အလက်များတွင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအပါအဝင်ဖြစ်သော်လည်း ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာများ မပါဝင်ပါ။ ကျွန်တော်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်စပ်လျဉ်းသော ထင်မြင်ယူဆချက်သည် အခြားသတင်းအချက်အလက်များနှင့် မသက်ဆိုင်ပါ။ ယင်းပေါ်တွင် အခြေခံသည့် မည်သည့်အာမခံချက်ဆိုင်ရာ ကောက်နုတ်ချက်များကိုမျှ ဖော်ပြမည်မဟုတ်ပါ။

### စီမံအုပ်ချုပ်သူများနှင့် ဘဏ္ဍာရေးရှင်းတမ်းများအတွက် အုပ်ချုပ်မှုတာဝန်ရှိသူများ၏တာဝန်

စီမံခန့်ခွဲသူများမှလိုအပ်သည်ဟု သတ်မှတ်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီရေးဆွဲရန်၊ သင့်လျော်မှန်ကန်စွာ ဖော်ပြရန်နှင့် မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသောမှားယွင်းဖော်ပြမှုကင်းသည့် သင့်လျော်မှန်ကန်သော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲဖော်ပြနိုင်ရန်အတွက် လုပ်ငန်းတွင်းထိန်းချုပ်မှုထားရှိရန်တို့မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံအုပ်ချုပ်သူများသည် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် လုပ်ငန်းများရပ်ဆိုင်းခြင်း သို့မဟုတ် လက်တွေ့ကျသော အခြားနည်းလမ်းမရှိခြင်းတို့မှအပ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲပြုစုရာတွင် ဘဏ်၏ ရှေ့ဆက်လုပ်ကိုင်နိုင်မည့်စွမ်းရည်၊ အဆိုပါအခြေအနေနှင့် သက်ဆိုင်သည်များကိုဖော်ပြရန်၊ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေပေါ်မူတည်၍ စာရင်းရေးသွင်းခြင်းတို့ကို အကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။ အုပ်ချုပ်မှုတာဝန်ရှိသူများသည် ဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စဉ်ကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။

### ဘဏ္ဍာရေးရှင်းတမ်းများစာရင်းစစ်ဆေးခြင်းအပေါ်စာရင်းစစ်၏တာဝန်

ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ခြုံငုံ၍ မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုများမှ ကင်းရှင်းကြောင်းကျိုးကြောင်းဆီလျော်စွာ သေချာမှုရှိစေရန်နှင့် ကျွန်တော်တို့၏ ထင်မြင်ယူဆချက်ပါဝင်သည့် စာရင်းစစ်အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်စွာ သေချာမှုရှိသည်ဆိုရာတွင် မြင့်မားသည့်အာမခံချက်ဖြစ်သော်လည်း မြန်မာနိုင်ငံစာရင်းစစ်ဆေးခြင်းဆိုင်ရာစံများနှင့်အညီ စာရင်းစစ်ဆေးထားခြင်းသည် အရေးပါသောမှားယွင်းဖော်ပြမှု တစ်ခုရှိနေခြင်းကို တွေ့ရှိနိုင်သည်ဟု အာမခံပေးခြင်းမျိုး မဟုတ်ပါ။ အရေးပါသော မှားယွင်းဖော်ပြမှုများသည် မသမာမှု သို့မဟုတ် မှားယွင်းမှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ၎င်းတို့တစ်ခုချင်း သို့မဟုတ် စုပေါင်း၍ ဘဏ္ဍာရေးရှင်းတမ်းများကို အခြေခံသော စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရမည့် အသုံးပြုသူများကို ကျိုးကြောင်းဆီလျော်စွာ လွှမ်းမိုးမှုများရှိလာနိုင်သည်ဆိုပါက အဆိုပါ မသမာမှု သို့မဟုတ် မှားယွင်းမှုများကို အရေးပါသောမှားယွင်းဖော်ပြမှုဟု ယူဆပါသည်။

စာရင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုဖြင့် အကဲဖြတ်ချက် ကျင့်သုံးပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ၏ သတိသမ္ပဇဉ် (Professional judgement and professional skepticism) ဖြင့် ထိန်းသိမ်းဆောင်ရွက်ပါသည်။

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

ကျွန်တော်တို့သည် အုပ်ချုပ်မှုတာဝန်ရှိသူများနှင့် စာရင်းစစ်ဆေးရန် စီစဉ်ထားသောအတိုင်းအတာ၊ စစ်ဆေးမည့်အချိန်နှင့် စစ်ဆေးချိန်အတွင်း တွေ့ရှိရသည့် လုပ်ငန်းတွင်းကြီးကြပ်မှုတွင် အရေးကြီးသည့် အားနည်းမှုများ အပါအဝင် အရေးကြီးသည့် တွေ့ရှိချက်များ စသည့်ကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပါသည်။

ကျွန်တော်တို့သည် အမှီအခိုကင်းမဲ့မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ကြောင်း၊ အမှီအခိုကင်းမဲ့မှုကို ထိခိုက်နိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာ ထင်မြင်ရသည့် သက်ဆိုင်သော ဆက်နွယ်မှုများအားလုံးနှင့် အခြားကိစ္စရပ်များ (သက်ဆိုင်မှုရှိပါက မည်သို့ဆောင်ရွက်ထားကြောင်း)ကို အုပ်ချုပ်မှုတာဝန်ရှိသူများသို့ ဆက်သွယ်တင်ပြပါသည်။

## အခြားသောဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းလိုအပ်ချက်ပေါ်တွင်အစီရင်ခံခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၈၀ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျွန်တော်တို့သည်-

(က) လိုအပ်သောသတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကိုရရှိပြီးဖြစ်ကြောင်း၊

(ခ) ၎င်းတို့၏ထင်မြင်ချက်တွင် အစီရင်ခံစာ၌ ဖော်ပြပါရှိသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ပြုစုထားရှိပြီးဖြစ်ကြောင်း၊

(ဂ) ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး စာရင်းစစ်များထံ ပေးအပ်သော သတင်းအချက်အလက်များ၊ ရှင်းလင်းဖော်ပြချက်များနှင့်အညီ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို ဘဏ္ဍာရေးရှင်းတမ်းများတွင် မှန်ကန်ပြည့်စုံစွာ ဖော်ပြထားပြီးဖြစ်ကြောင်း၊

(ဃ) ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၅၇(က)နှင့် ၂၅၈(က) တို့နှင့်အညီ စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံပါသည်။

ထို့ပြင် မြန်မာနိုင်ငံငွေရေးကြေးရေး ဥပဒေပုဒ်မ-၈၉ အရ စီမံခန့်ခွဲသူများသို့ပေးပို့သော အစီရင်ခံစာပါကိစ္စရပ်မှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံလုံလောက်စွာနှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားပြီး ဘဏ်၏အရာထမ်း၊ အမှုထမ်းများထံမှ ရရှိသော သတင်းအချက်အလက်များသည်လည်း ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ကျွန်တော်များ ထင်မြင်ယူဆပါသည်။

မြတ်နိုးအောင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်
အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်အမှတ် ၁၉၆
V Advisory Limited
အခန်း ၄၀၆၊ အဆောင် ဘီ၊ 45 Complex ၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့
ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ( ၂၅ ) ရက်

### မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
### ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၂၄<br>မြန်မာကျပ် | ၂၀၂၃<br>မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၇၄,၇၀၀,၄၁၈,၀၁၂ | ၁၁၂,၁၂၉,၉၂၃,၇၅၇ |
| ချေးငွေလက်ကျန် | ၇ | ၆၂၀,၈၃၆,၉၆၃,၁၆၅ | ၃၆၃,၉၅၈,၉၃၆,၇၈၉ |
| ရင်းနှီးမြုပ်နှံမှုများ | ၈ | ၁၁၃,၄၇၉,၂၆၆,၀၆၁ | ၁၃၃,၉၉၈,၈၃၇,၁၅၀ |
| အခြားရပိုင်ခွင့်များ | ၉ | ၅၀,၃၃၂,၂၅၃,၆၇၈ | ၂၀,၃၀၆,၈၀၄,၇၀၄ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၈,၆၃၆,၅၃၅,၁၆၄ | ၁၇,၄၅၅,၈၈၇,၇၈၃ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၃,၅၂၆,၉၁၉,၅၃၆ | ၄,၀၀၃,၉၇၆,၃၇၇ |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | | ၉၈၁,၅၁၂,၃၅၅,၆၁၆ | ၆၅၁,၈၅၄,၃၆၆,၅၆၀ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၂ | ၇၇၂,၂၅၀,၀၃၁,၄၄၁ | ၅၂၄,၈၀၄,၂၃၆,၂၈၅ |
| အခြားပေးရန်တာဝန်များ | ၁၃ | ၇၀,၆၁၂,၄၀၉,၉၈၈ | ၂၄,၇၆၈,၃၀၉,၄၇၄ |
| ချေးယူငွေများ | ၁၄ | ၆၅,၃၈၅,၃၆၀,၀၀၀ | ၂၉,၇၇၄,၈၅၀,၀၀၀ |
| **စုစုပေါင်းပေးရန်တာဝန်များ** | | ၉၀၈,၂၄၇,၈၀၁,၄၂၉ | ၅၇၉,၃၄၇,၃၉၅,၇၅၉ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၅ | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |
| ရန်ပုံငွေများ | ၁၆ | ၁၅,၀၉၆,၂၀၃,၈၂၇ | ၁၄,၉၀၆,၈၀၇,၉၈၁ |
| အမြတ်လက်ကျန် | | ၁,၀၄၃,၆၈၇,၅၆၀ | ၄၇၅,၅၀၀,၀၂၀ |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | ၇၃,၂၆၄,၅၅၄,၁၈၇ | ၇၂,၅၀၆,၉၇၀,၈၀၁ |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | ၉၈၁,၅၁၂,၃၅၅,၆၁၆ | ၆၅၁,၈၅၄,၃၆၆,၅၆၀ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။
ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win

**KHIN CHAW SU WIN**
**CHIEF FINANCIAL OFFICER**
**MYANMAR CITIZENS BANK LTD.**

TOE AUNG MYINT
Director (Board of Directors)
Myanmar Citizens Bank Ltd.

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုဆမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

၂၀၂၄ ခုနှစ် ၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၂၀၂၄<br>မြန်မာကျပ် | ၂၀၂၃<br>မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၇ | ၅၉,၅၀၈,၁၁၅,၀၆၉ | ၄၃,၆၃၀,၄၉၀,၂၇၂ |
| အတိုးစရိတ် | ၁၈ | (၄၃,၃၅၃,၂၅၉,၉၀၁) | (၂၉,၀၉၉,၃၄၈,၂၂၀) |
| **အသားတင် အတိုးဝင်ငွေ** | | ၁၆,၁၅၄,၈၅၅,၁၆၈ | ၁၄,၅၃၁,၁၄၂,၀၅၂ |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၁၉ | ၁၀,၆၈၆,၅၂၄,၄၄၈ | ၄,၂၈၉,၄၈၀,၇၇၁ |
| အခြားဝင်ငွေ | ၂၀ | ၁၁၁,၆၇၂,၆၆၅ | (၂,၇၉၄,၈၅၃,၄၇၀) |
| | | ၂၆,၉၅၃,၀၅၂,၂၈၁ | ၁၆,၀၂၅,၇၆၉,၃၅၃ |
| သီးသန့်ကြွေးဆုံးလျာထားငွေ | | ၅၁၉,၅၀၀,၁၉၆ | ၄,၆၃၃,၁၄၅,၁၀၁ |
| ချေးငွေဆုံးရှုံးမှုအထွေထွေလျာထားငွေ | | (၅,၁၂၇,၁၇၀,၅၂၄) | (၂,၈၇၅,၃၉၀,၆၉၁) |
| **စုစုပေါင်းဝင်ငွေ** | | ၂၂,၃၄၅,၃၈၁,၉၅၃ | ၁၇,၇၈၃,၅၂၃,၇၆၃ |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | ၂၁, ၂၂ | (၁၉,၂၃၂,၄၅၁,၇၄၉) | (၁၅,၀၂၈,၄၈၈,၁၅၇) |
| တန်ဖိုးလျော့ | ၁၀,၁၁ | (၂,၂၀၅,၂၂၆,၅၈၆) | (၂,၀၃၀,၈၄၅,၈၇၅) |
| **အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး)** | | ၉၀၇,၇၀၃,၆၁၈ | ၇၂၄,၁၈၉,၇၃၁ |
| ဝင်ငွေခွန်စရိတ် | ၂၃ | (၁၅၀,၁၂၀,၂၃၂) | ၇၂၇,၄၃၇,၇၄၁ |
| **အခွန်လျာထားပြီးအသားတင်အမြတ်/(အရှုံး)** | | ၇၅၇,၅၈၃,၃၈၆ | ၁,၄၅၁,၆၂၇,၄၇၂ |
| နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | ၇၅၇,၅၈၃,၃၈၆ | ၁,၄၅၁,၆၂၇,၄၇၂ |
| အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ/(အရှုံး)နှင့် လျော့နည်းဖွယ်ရှိသော ဝင်ငွေ/(အရှုံး) | ၂၄ | ၇၃ | ၁၄၀ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win

KHIN CHAW SU WIN
CHIEF FINANCIAL OFFICER
MYANMAR CITIZENS BANK LTD.

TOE AUNG MYINT
Director (Board of Directors)
Myanmar Citizens Bank Ltd.

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

**၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် အစုရှယ်ယာရှင်များပိုင်ဆိုင်ခွင့်ပြောင်းလဲမှုရှင်းတမ်း**

| | ရင်းနှီးငွေ<br>မြန်မာကျပ် | ရန်ပုံငွေ<br>မြန်မာကျပ် | အမြတ်လက်ကျန်<br>မြန်မာကျပ် | စုစုပေါင်း<br>မြန်မာကျပ် |
|---|---|---|---|---|
| ၂၀၂၃ - ၂၀၂၄ | | | | |
| စာရင်းဖွင့်လက်ကျန်(၁-၄-၂၀၂၃) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၁ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၁ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | - | - |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၁ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၁ |
| ယခုနှစ် လျာထားချက် | - | ၁၈၉,၃၉၅,၈၄၆ | (၁၈၉,၃၉၅,၈၄၆) | - |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | ၇၅၇,၅၈၃,၃၈၆ | ၇၅၇,၅၈၃,၃၈၆ |
| **စာရင်းပိတ်လက်ကျန်(၃၁-၃-၂၀၂၄)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၅,၀၉၆,၂၀၃,၈၂၇ | ၁,၀၄၃,၆၈၇,၅၆၀ | ၇၃,၂၆၄,၅၅၄,၁၈၇ |
| ၂၀၂၂ - ၂၀၂၃ | | | | |
| စာရင်းဖွင့်လက်ကျန်(၁-၄-၂၀၂၂) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၅၄၃,၉၀၁,၁၁၃ | (၆၁၃,၂၂၀,၅၈၄) | ၇၁,၀၅၅,၃၄၃,၃၂၉ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | - | - |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၅၄၃,၉၀၁,၁၁၃ | (၆၁၃,၂၂၀,၅၈၄) | ၇၁,၀၅၅,၃၄၃,၃၂၉ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၃၆၂,၉၀၆,၈၆၈ | (၃၆၂,၉၀၆,၈၆၈) | - |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | ၁,၄၅၁,၆၂၇,၄၇၂ | ၁,၄၅၁,၆၂၇,၄၇၂ |
| **စာရင်းပိတ်လက်ကျန်(၃၁-၃-၂၀၂၃)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၉၀၆,၈၀၇,၉၈၁ | ၄၇၅,၅၀၀,၀၂၀ | ၇၂,၅၀၆,၉၇၀,၈၀၁ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၂၄<br>မြန်မာကျပ် | ၂၀၂၃<br>မြန်မာကျပ် |
|---|---|---|---|
| ၁။ လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး) | | ၉၀၇,၇၀၃,၆၁၈ | ၇၂၄,၁၈၉,၇၃၁ |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့ | ၁၀ | ၁,၅၆၇,၄၅၀,၈၉၈ | ၁,၄၄၁,၈၅၅,၇၁၆ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းတန်ဖိုးလျော့ | ၁၁ | ၆၃၇,၇၇၅,၆၈၈ | ၅၈၈,၉၉၀,၁၅၉ |
| ဆုံးရှုံးမှုလျာထားချက် | | ၅,၃၄၂,၀၄၁,၆၈၆ | (၁,၄၂၇,၄၇၇,၃၇၃) |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး | | (၁၄၉,၇၅၂,၀၈၀) | (၁၇၂,၉၄၁,၃၂၈) |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | | ၁,၉၀၅,၉၅၂ | ၃၈,၁၆၂,၈၉၅ |
| လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန်များပြောင်းလဲမှုမတိုင်ခင် လုပ်ငန်း အမြတ်/(အရှုံး) | | ၈,၃၀၇,၁၂၅,၇၆၂ | ၁,၁၉၂,၇၇၉,၈၀၀ |
| လက်ငင်းရပိုင်ခွင့်ပေးရန်တာဝန်အတိုး/အလျော့ | | | |
| ချေးငွေလက်ကျန် | | (၂၅၆,၃၅၈,၅၂၆,၁၈၀) | (၁၄၃,၉၅၂,၀၀၄,၅၉၁) |
| အခြားရပိုင်ခွင့်များ | | (၃၀,၀၂၄,၆၄၈,၉၇၅) | ၂,၇၂၅,၈၂၇,၁၉၄ |
| အပ်ငွေစာရင်း | | ၂၄၇,၄၄၅,၇၉၅,၁၅၇ | ၃၀,၁၈၆,၄၅၇,၈၂၀ |
| အခြားပေးရန်တာဝန်များ | | ၃၉,၈၃၂,၄၃၈,၄၀၀ | (၃,၃၇၂,၃၈၉,၅၈၃) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | ၉,၂၀၂,၁၈၄,၁၆၄ | (၁၁၃,၂၁၉,၃၂၉,၃၆၀) |
| ဝင်ငွေခွန်ပေးဆောင်မှု | | (၈၀၀,၀၀၀) | (၅၀၀,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု) | | ၉,၂၀၁,၃၈၄,၁၆၄ | (၁၁၃,၂၁၉,၈၂၉,၃၆၀) |
| ၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ငွေတိုက်စာချုပ် နှင့် အခြားရင်းနှီးမြှုပ်နှံမှုများ(ဝယ်ယူမှု)/ရောင်းချမှု | | ၂၀,၅၁၉,၅၇၁,၀၈၉ | ၁၀၀,၈၃၂,၂၈၈,၉၇၈ |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | | ၁၅၈,၈၃၂,၆၂၈ | ၁၈၀,၈၇၁,၈၃၁ |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၂,၇၅၉,၀၈၄,၇၇၉) | (၂,၂၂၇,၀၃၂,၁၇၉) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | | (၁၆၀,၇၁၈,၈၄၇) | (၆၄၁,၁၈၈,၉၇၂) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဆင်းမှု/ (အသုံးပြုမှု) | | ၁၇,၇၅၈,၆၀၀,၀၉၁ | ၉၈,၁၄၄,၉၃၉,၆၅၈ |
| ၃။ ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ချေးငွေရယူခြင်း/(ချေးငွေပြန်လည်ပေးဆပ်ခြင်း) | | ၃၅,၆၁၀,၅၁၀,၀၀၀ | (၄,၅၄၀,၅၅၀,၀၀၀) |
| အမြတ်ဝေစုထုတ်ပေးငွေ | | - | - |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု) | | ၃၅,၆၁၀,၅၁၀,၀၀၀ | (၄,၅၄၀,၅၅၀,၀၀၀) |
| ငွေသားအသားတင် အတိုး/(အလျော့) | | ၆၂,၅၇၀,၄၉၄,၂၅၅ | (၁၉,၆၁၅,၄၃၉,၇၀၃) |
| စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၁၂,၁၂၉,၉၂၃,၇၅၇ | ၁၃၁,၇၄၅,၃၆၃,၄၆၀ |
| စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၇၄,၇၀၀,၄၁၈,၀၁၂ | ၁၁၂,၁၂၉,၉၂၃,၇၅၇ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

# 2024
## **ANNUAL** REPORT

No.383, Marhar Bandula Road, Kyauktada Township, Yangon, Myanmar.
+95-1-8386020, +95-9-940051234

www.mcb.com.mm